# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၄၂)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်ခရိုင်ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

## မြို့ကြီးရေလှောင်တမံနှင့် ဒါန်းချောင်းတံတား စီမံချိန်စံညွှန်းကောင်းမွန်စွာအချိန်မီပြီးရေးမှာကြား

## ရေလှောင်တမံမှ ရေအားလျှပ်စစ် ၁၂ မဂ္ဂါဝပ်နှင့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးရေပေးသွားမည်

ရန်ကုန် နိုဝင်ဘာ ၁၀

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိသည်။**

*စာမျက်နှာ ၃ ကော်လံ ၁* ✻





**မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရွှာင်မြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

**(သတင်းစဉ်)**

**မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး၊ သတင်းအညွှန်း**

ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းလျက်ရှိသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် တိုးတက်ကောင်းမွန်လျက်ရှိသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံက မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံခန့်ကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

**ခေါင်းကြီး (စာ-၂)**

စွမ်းအားသစ်သမဝါယမအသင်းက ထုတ်လုပ်သော စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံးစက်များသည် ဒီဇယ်ဆီ၊ ဓာတ်ဆီ အသုံးပြုရန် မလိုသည့်အတွက် နိုင်ငံခြားငွေ သုံးစွဲရမှုကို ခြိုးခြံချွေတာနိုင်သည်။

**ရဲမောင်၏ဆောင်းပါး (စာ-၁၀)**

နိုဝင်ဘာ ၉ ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၄၅ ဦးရှိသွားပြီ။

**နိုင်ငံတကာသတင်း (စာ-၅)**

# ဧရာဝတီတိုင်းအနေဖြင့် ယခုမိုးစပါးရာသီကုန်အထိ လျာထားချက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

## နိုင်ငံတော်ကရည်မှန်းထားသော မိုးစပါးကေ ၃၆ သိန်းပြည့်မီရေး ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဧရာဝတီတိုင်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဆုများနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးအုန်းသန်း၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ငါးခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စွမ်းဆောင်ရည်ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ●

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

# စီးပွားရေးနှင့်ကုန်သွယ်မှု အကျိုးရလဒ်ကောင်းများပေါ်ထွက် အမျိုးသားစီးပွားရေး အောင်မြင်သည်ထက်အောင်မြင်အောင် ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရင်း အမျိုးသားစီးပွားရေးပန်းတိုင် အောင်မြင်စေရန် ကြိုးပမ်း အကောင်အထည်ဖော်လျက် ရှိသည်။

ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး ပြည်တွင်း၌ စီးပွားရေးစီမံကိန်းများ ရာနှုန်းပြည့်အကောင်အထည်ပေါ်စေရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် သွားရောက်လည်ပတ်ခြင်း၊ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံ၏ ထုတ်ကုန်များကို ပါဝင်ပြသခြင်းဖြင့် နှစ်နိုင်ငံအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုကျယ်ပြန့် နက်ရှိုင်းလာခဲ့သည်။

များမကြာသေးမီကပင် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးခရီး၊ တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ၊ အာရှ-ဥရောပ ထိပ်သီးညီလာခံ (အာဆမ်)၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (အက်မက်စ်) အဖွဲ့ဝင် လေးနိုင်ငံ ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ စသည့်တို့တွင် မြန်မာနိုင်ငံက သက်ဆိုင်ရာနိုင်ငံများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နိုင်သည့် အောင်မြင်မှု မှတ်တိုင်များ စိုက်ထူနိုင်ခဲ့သည်။

လျင်မြန်စွာ ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုရှိနေသည့် ကမ္ဘာကြီးတွင် ဒေသတွင်း ပေါင်းစည်းမှု ရှိမှသာလျှင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်းစသည့်အကျိုးများ သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ပေါများကြွယ်ဝသည့် သယံဇာတများကို အခြေပြု၍ စီးပွားရေးတိုးတက်မြင့်မားပြီး လူမှုဘဝတိုးတက်မြင့်မားသော အေးချမ်းသာယာသည့် နိုင်ငံဖြစ်လာစေရန် နိုင်ငံအတွင်း၌ သာမက နိုင်ငံတကာနှင့် ယင်းကဲ့သို့ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများကို ပြန်ကြည့်လျှင် တတိယ ငါးနှစ်စီမံကိန်း (၂၀၀၁-၂၀၀၂မှ ၂၀၀၅-၂၀၀၆) ခုနှစ်ကာလ၏ သုံးနှစ်တာ ကာလအတွင်း တစ်နှစ်ပျမ်းမျှ စီးပွားရေးတိုးတက်မှုနှုန်း ၈ဒသမ ၅ရာခိုင်နှုန်းဖြင့် ဆက်တိုက် ဖွံ့ဖြိုးတိုးတက်နေပြီး ပြည်ပကုန်သွယ်မှုမှာလည်း ပိုငွေပြလျက် ရှိသည်။

ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းလျက်ရှိသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် တိုးတက်ကောင်းမွန်လျက် ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပေါင်း ၂၇နိုင်ငံက မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၇ဒသမ ၆ဘီလီယံခန့်ကို ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု နယ်ပယ်အသီးသီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများက ထပ်လောင်းရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာလျက်ရှိသည်။ မြန်မာ-တရုတ် ကုန်သွယ်မှုကဏ္ဍ တိုးတက်လျက်ရှိပြီး ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၅ဘီလီယံအထိ တိုးမြှင့်ရန် သဘောတူထားကြောင်း သိရှိရသည်။ ထို့အပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည်လည်း ၂၀၀၆ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အနည်းဆုံး အမေရိကန်ဒေါ်လာ ၁ဘီလီယံရှိရန် မျှော်မှန်းထားသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရေး ခရီးစဉ်များ၊ နိုင်ငံတကာ ထိပ်သီးအစည်းအဝေးများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများမှ ပေါ်ထွက်လာသည့် စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ အကျိုးရလဒ်ကောင်းများ ပိုမို၍တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရင်း နိုင်ငံတော်၏ အမျိုးသားစီးပွားရေးပန်းတိုင်များ အောင်မြင်သည်ထက် အောင်မြင်စေရန် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ပန်းတနော်မြို့နယ်ပသွယ်ငါးသားပေါက်ထုတ်လုပ်ရေးစခန်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၀

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ကိုလေးလိုက်ပါလျက် နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်း ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ပသွယ်ငါးသား ပေါက်ထုတ်လုပ်ရေးစခန်းသို့ရောက်ရှိပြီး ငါးသားပေါက်များမွေးမြူထုတ်လုပ်ထားရှိမှုနှင့် ရေချိုမြစ်ချောင်းများမှ ရှားပါး ငါးမျိုးစိတ်များနှင့်အလှပြငါးများ စုဆောင်းမွေးမြူပြုစုထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် စခန်းရှင်းလင်းဆောင်၌ မအူပင် ဝါးတောငါးအသားတိုး မွေးမြူရေးစခန်း၊ ညောင်တုန်း သဇင်ရေကျော်ငါးအသားတိုး မွေးမြူရေးစခန်း၊ ပန်းတနော်၊ မိုးကုတ် ဒီးဒုတ်ရေနက်ကွင်း ငါးအသားတိုးမွေးမြူရေးစခန်းတို့မှ တာဝန်ရှိသူများ၊ ငါးသားပေါက်ထုတ်လုပ်ရေးစခန်းများဖြစ်သော တလုပ်လှအောင်ဟိတ်နှင့် ပသွယ်ငါးလုပ်ငန်း စခန်းများမှ တာဝန်ခံများအားတွေ့ဆုံ၍ ငါးအသားတိုးမွေးမြူရေး စခန်းများအနေဖြင့် နှစ်စဉ် စဉ်ဆက်မပြတ် မွေးမြူနိုင်ရန် ငါးမှုန်၊ ငါးသန်များ၊ ဆက်တိုက်ပြုစုရေး၊ ငါးသားပေါက်ထုတ်လုပ်ရေးစခန်းများအနေဖြင့် လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၁၅ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီဗဟိုရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် ကွယ်လွန်သူ ဖခင်ဦးကျော်မြအား ရည်စူး၍ ဇနီးဒေါ်သန်းရွှေ၊ သမီးကြီး မခင်ခင်ညို၊ သမီးငယ် မမြသန်းရီ ၄၃၂၊ အောင်မေတ္တာလမ်း၊ ၂၉ရပ်ကွက်၊ (ဒဂုံမြောက်ပိုင်း)မှ အလှူတော်ငွေ ကျပ်တစ်သိန်း ငါးသောင်းကို အတွင်းရေးမှူးဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ရွှေတောင်အထက ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပဲခူးတိုင်း(အနောက်ခြမ်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်ရွှေတောင်မြို့ အထကမှ(၁၉၅၀-၂၀၀၄)ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီး ၆၄ ဦးတို့အား ကျောင်းသားကျောင်းသူဟောင်းများက(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၅ရက် မွန်းလွဲ၂နာရီတွင် ရွှေတောင်အထက ရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစား ဆရာကြီးဆရာမကြီးများအနေနှင့် အပူဇော်စာရင်းတွင် ကျန်ရှိပါက ပူဇော်ခံကြွရောက်ရန်နှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသားကျောင်းသူဟောင်းများသည် ဦးမောင်မောင်စိန် ဖုန်း-၀၁-၂၅၃၅၂၀၊ ၀၉-၅၀၀-၄၉၀၉၊ ဒေါ်အေးမြင့် (မြင့်ရတနာရွှေဆိုင်၊ အင်းစိန်) ဖုန်း-၀၁-၆၄၁၂၆၊ ဦးထက်မင်း-ဒေါ်လှလှမူ ဖုန်း-၀၁-၄၄၁၁၀၃ ဦးလှထွန်းမြင့် ဖုန်း-၂၇၊ဦးခင်မောင်သန်း ဖုန်း-၆၁၊ ဦးထွန်းကြည် ဖုန်း-၁၁၀နှင့် ဦးသန်းဆွေ ဖုန်း-၁၈၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၁-၁၁-၂၀၀၄**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Financial Accounting (ဒုတိယနှစ်-စီးပွားရေးအထူးပြု)
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း-၁၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်စား"** (အပိုင်း-၂၁)

**အောက်တိုဘာ ၂၃ ရက်က အင်းစိန်မြို့ ရွာမဓာတ်အားပေးစက်ရုံမှ ဒုတိယစက်ရုံမှူး ဦးခင်မြင့်-ဒေါ်ခင်အုန်းမြင့်မိသားစုတို့က နှစ်ဖက်သောမိဘများ ရည်စူး၍ အင်းစိန်မြို့ မာလာရာမကွက်သစ် ကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အသင်းနာယက ဦးလှကြီးနှင့်အဖွဲ့က လက်ခံ ရယူစဉ်။** (က-ပ)



## ✻ ရွှေဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အရှေ့ခြမ်းဒေသ တံတားဦးမြို့နယ် ကန်ချောကျေးရွာရှိ တောင်သူ ၁၀၁ ဦးတို့၏ မိုးစပါးဧက ၃၀၀ လယ်ယာ ဖော်ထုတ်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန္တလေးတိုင်း မန်နေဂျာ ဦးအောင်ကြည်နှင့် တာဝန်ရှိသူများနှင့် ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့က လယ်ယာမြေဖော်ထုတ်ပြီး မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

အဆိုပါလယ်ယာမြေများ၌ သစ်တက်ကုန်း ရေလွှဲဆည်မှရေဖြင့် မိုးစပါးတစ်သီးနှင့် နွေရာသီတွင် အခြားသီးနှံများ စိုက်ပျိုးမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်–မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမှ ကျောက်ဆည်မြို့သို့ သွားရောက်ကြပြီး လမ်းတစ်လျှောက်၌ လမ်းတိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ၊ တံတားများ၏အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးတင်ကိုကိုက ကျောက်ဆည်မြို့ မြို့တော်ခန်းမ အဆောက်အအုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့တော်ခန်းမအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကျောက်ဆည်မြို့ မြို့တော်ခန်းမအဆောက်အအုံမှာ မြို့ပြလုပ်ငန်း ၉၅ ရာခိုင်နှုန်း၊ လျှပ်စစ်လုပ်ငန်း၉၀ ရာခိုင်နှုန်းနှင့် ရေသန့်လုပ်ငန်း၉၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူး (ဒီဇိုင်းနှင့်ပုံထုတ်)ဦးခင်မောင်ချစ်က မြို့ကြီးရေလှောင်တမံတည်ဆောက်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က ရေမြောင်းနှင့် ရေပို့မှုစနစ် ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရေး၊ ကင်းတားရေလွှဲဆည်သို့ ရေပေးပို့မှုစနစ် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

### စိုက်ပျိုးရေပေးဝေ

တည်ဆောက်မည့် မြို့ကြီး ရေလှောင်တမံသည်ကျောက်ဆည်–ဟန်မြင့်မိုရ်–ရွာငံကားလမ်း ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ ဇော်ဂျီမြစ်ရေပေါ်တွင် တည်ရှိပြီး တမံအလျားပေ ၂၂၇၀၊ အမြင့် ၂၂၃ ပေ ရှိ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၂၇၁၈၅၀ရှိပြီး နှစ်စဉ်ပျှမ်းမျှ စီးဝင်ရေမှာ ဧကပေ၂၀၀၀၀၀ရှိသည်။

အဆိုပါ ရေလှောင်တမံမှ ရေအားလျှပ်စစ် ၁၂ မဂ္ဂါဝပ် ထုတ်ယူနိုင်မည်ဖြစ်ပြီး ဇော်ဂျီရေလှောင်တမံမှ ပို့လွှတ်သော ရေနှင့်ပေါင်းစပ်ကာ ကင်းတားရေလွှဲဆည်သို့ မြင့်နိမ့်စနစ်ဖြင့် တူးမြောင်းဖောက်၍ ရေပို့ပေးမည် ဖြစ်သည်။ ကင်းတားရေလွှဲဆည်မှ တစ်ဆင့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇော်ဂျီမြစ် မြစ်ရေ ရေစီးရေလာ အခြေအနေ၊ ရေလှောင်တမံ အောက်ခြေမြေသားအခြေအနေ စူးစမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### ဒါန်းချောင်းတံတားစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွာငံ–ဟန်မြင့်မိုရ် ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာကြပြီး ရန်ကုန်– မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် (၃၉၂/၅) အနီးရှိ ဒါန်းချောင်း တံတားသို့ရောက်ရှိကြကာ တံတား၏တိုင်အမှတ်( P-1 ) နှင့် ( P-2 )တို့တွင် သံကူ ကွန်ကရစ်ရက်မအတွက် သံချည်သံကွေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းမန်နေဂျာ ဦးစိုင်းဖိလစ်ရီက တံတားတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းကောင်းမွန်စွာဖြင့် အချိန်မီ ပြီးစီးရေးမှာကြားသည်။ **(သတင်းစဉ်)**





**ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ရောဝတီတိုင်း၏ ၂၀၀၃–၂၀၀၄ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဆုများနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

## ● ရွှေဖုံးမှ

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က အမှာစကား ပြောကြားရာတွင် ရောဝတီတိုင်းအနေဖြင့် အသားတင်စိုက်ဧက ၄၈ဒသမ ၈၄ သိန်းရှိရာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးအတွက် စိုက်ဧကပြည့်မီ၍ အထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ သီးနှံစိုက်စွမ်းအားမြင့်တင်ရေးနှင့်အလေအလွင့်နည်းပါးရေးဦးတည်ချက်များဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုမိုးစပါးရာသီကုန်အထိ ဧက၃၅ ဒသမ ၆၈သိန်း စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက်ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ကရည်မှန်းထားသောမိုးစပါးဧက ၃၆သိန်းပြည့်မီရေး၊ နွေစပါးဧက ၁၄ဒသမ ၃သိန်းစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သီးနှံစိုက်စွမ်းအားမြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကသီးနှံ ၁၀မျိုးနှင့်အမယ်သစ်သီးနှံများအပါအဝင်ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့်သီးနှံများကို သီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းများရရှိရေးအတွက် စိုက်ပျိုးရေးနည်းလမ်း လေးသွယ်ဖြင့် ပေါင်းစပ်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး အပါအဝင် ရောဝတီတိုင်း၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ယင်းကဲ့သို့ စေတနာထား ကြိုးစားဆောင်ရွက်မှုများကို ဂုဏ်ပြုဆုချီးမြှင့်မှုနှင့်အတူ မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးရေးလုပ်ငန်းများကို စီမံကိန်းရည်မှန်းချက်အတိုင်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးနှင့် ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးမည့်အစီအစဉ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

**ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ရောဝတီတိုင်း၏ ၂၀၀၃–၂၀၀၄ခုနှစ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းဆောင်ရည်ဆုများနှင့် အထွေထွေအရပ်ရပ်ဆိုင်ရာ ဆုချီးမြှင့်ပွဲတွင် ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**



### ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းအတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရာခိုင်နှုန်းအကောင်းဆုံးစွမ်းဆောင်နိုင်မှုဆုရ မအူပင်ခရိုင်နှင့် မြို့နယ်ဆုများ၊ စီမံကိန်းအကောင်အထည်ဖော်ပေးနိုင်မှု အကောင်းဆုံးစွမ်းဆောင်ရည်ဆုရ ဟင်္သာတခရိုင်နှင့် မြို့နယ်ဆုများ၊ ရာနှုန်းပြည့် မြေယာဖော်ထုတ်စိုက်ပျိုးနိုင်ဆုံး မြို့နယ်ဆုရ လပွတ္တာမြို့နယ်တို့ကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လည်းကောင်း၊ ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်မှုမရှိသော်လည်း အများဆုံးမြေယာဖော်ထုတ်အသုံးပြုနိုင်သောမြို့နယ်များ၊ ကုမ္ပဏီများနှင့် စပါး၊ ဆီထွက်သီးနှံနှင့်ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးဆုရ ဝါးခယ်မ၊ အင်္ဂပူနှင့်ဟင်္သာတမြို့နယ်တို့ကို ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးကလည်းကောင်း၊ သီးနှံစိုက် စွမ်းအားမြင့်မားစွာအကောင်အထည်ဖော်နိုင်မှု၊ စံပြကွက်များအထွက်နှုန်း အကောင်းဆုံးမြို့နယ်များကို ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လည်းကောင်း၊ တောင်သူတစ်ဦးချင်းတစ်ဧကအထွက်နှုန်းအကောင်းဆုံးဆုရတောင်သူများအား ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်တင့်ဆွေကလည်းကောင်း ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍စပါးအများဆုံးစိုက်ပျိုးထုတ်လုပ်ရေးထူးချွန်ဆု၊၂၀၀၃ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အက်ဖ်အေအိုဆုများ၊ စိုက်ပျိုးရေးနည်းပညာ လိုက်နာဆောင်ရွက်မှု အကောင်းဆုံးမြို့နယ်ဆုများ၊ငါးပုစွန်မွေးမြူရေးဆုများ၊တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးစွမ်းဆောင်နိုင်မှုဆု၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်နိုင်မှုဆုများ၊ နိုင်ငံတော်အဆင့် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊၂၀၀၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်တစ်နိုင်ငံလုံး အဆင့်ဆုရ ကျောင်းသား ကျောင်းသူများနှင့် တိုင်းအတွင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် ၃၁ဦးတို့အား တာဝန်ရှိသူများကဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ဆုရရှိသူများကိုယ်စား ထူးချွန်ဆုရ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အေးချမ်းအောင်မြင်ငွေကျောင်း စတုဒ္ဒအကြိမ်စုပေါင်းမဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၀**

အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားကြီးအား အမှူးထား၍ အေးချမ်းအောင်မြင်ငွေကျောင်းတွင် ဝါကပ်တော်မူခဲ့ကြသော ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသုဂန္ဓနှင့် ညီတော် ဆရာတော် ဦးဇောတိကတို့အားဦးထိပ်ထား၍ ကျောင်းရှိ သံဃာတော်ကိုးပါးနှင့် ပင့်သံဃာ၉၉ ပါးတို့အား စုပေါင်းဘုံကထိန်လျာသင်္ကန်းဆက်ကပ်ပွဲကို နိုဝင်ဘာ၂၁ ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီခွဲတွင် နေမျိုးသူရလမ်း မေတ္တာညွှန့်ရပ်ကွက် တာမွေမြို့နယ်ရှိ အေးချမ်းအောင်မြင် ငွေကျောင်းတော်ကြီး၌ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဖုန်း–၀၉၈၀–၃၁၂၇၁၊ ၀၉၈၀–၃၂၃၀၃၊ ၇၂၄၄၈၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး နိုဝင်ဘာ၂၀ရက် ညပိုင်းတွင် ရွှေမြင့်မိုရ်အငြိမ့်ဖြင့် ဧည့်ခံဖျော်ဖြေမည်ဟုသိရသည်။ **(က–ပ)**

## မင်းကွန်းတောရကမ္မဋ္ဌာန်းကျောင်း မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းရှိ မင်းကွန်းတောရကျောင်းတိုက်၏ (၅၄)ကြိမ်မြောက်မဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို ကျေးဇူးရှင်မင်းကွန်းတောရသက်တော်ရှည်ဆရာတော်ကြီးနှင့်သံဃာတော်အရှင်မြတ် ၈၂ပါးတို့အား ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ လှူဖွယ်ဝတ္ထုအစုစုကို မင်းကွန်းသာသနနုဂ္ဂဟအသင်းကြီးနှင့် ဒါယကာ၊ ဒါယိကာမအများစုပေါင်း၍ ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက် (နိုဝင်ဘာ ၂၁ရက်)တနင်္ဂနွေနေ့တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် သက်တော်ရှည်ဆရာတော်ကြီးက ရေစက်ချတရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



**အမှတ် ၂၀၃ ၄က်တော်လမ်း ၁၄/၂ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးသန်းမြင့်–ဒေါ်ညွန့်ရီတို့က နှစ်(၃၀)မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းကို နိုဝင်ဘာ၃ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)ကလက်ခံယူစဉ်။ (က–ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊နိုဝင်ဘာလအတွက်

(၁၄–၁၁–၂၀၀၄)ရက်နေ့

နှင့်

(၂၈–၁၁–၂၀၀၄)ရက်နေ့

# လာအိုတွင် ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး လုံခြုံမှုစိတ်ချရရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထား

ဟန္နိုင်း နိုဝင်ဘာ ၉

**ကျင်းပအံ့ဆဲဆဲ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ လုံခြုံရေးအာမခံချက်ရှိစေရန် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်သို့ လာရောက်ကြမည့် နိုင်ငံခြားသားများအတွက် ပြည်ဝင်ခွင့်ဗီဇာကို လာအိုနိုင်ငံက ယာယီရပ်စဲထားမည်ဖြစ်ကြောင်း လာအိုနိုင်ငံ သတင်းရပ်ကွက်များအဆိုအရ အင်္ဂါနေ့က သိရသည်။**

နိုင်ငံခြားသားများအား နိုဝင်ဘာ ၂၂ရက်နှင့် ဒီဇင်ဘာ ၁ရက်ကြားတွင် ဗီယင်ကျန်းမြို့တော်သို့ လာရောက်ရန်အတွက် ပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးမည်မဟုတ်သော်လည်း နိုင်ငံခြားသားများသည် ယင်းကာလအတွင်း လာအိုနိုင်ငံ၏ အခြားဒေသများသို့ သွားရောက်လည်ပတ်နိုင်ကြမည်ဖြစ်သည်။

ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၂၉ရက်နှင့် ၃၀ရက်တွင် ဗီယင်ကျန်းမြို့တော်၌ ကျင်းပရန်စီစဉ်ထားသည်။ လာအိုနိုင်ငံသည် လုံခြုံရေးအတွက် ကာကွယ်မှုများ ပြုလုပ်ထားသည့်ပြင် ထောက်ပံ့ကူညီရေးကဲ့သို့ အခြားကိစ္စရပ်များအတွက်လည်း အသင့်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

**အလှဆင်**

လာအိုနိုင်ငံသည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် ကိုယ်စားလှယ်များအား ဧည့်ခံရန်အတွက် ဟိုတယ်များ၊ ဧည့်ဂေဟာများနှင့် ပန်းဥယျာဉ်ကဲ့သို့ အများပြည်သူနေရာများကို အလှတန်ဆာ ဆင်ထားသည်။

**(အင်တာနက်)**



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နိုဝင်ဘာ ၉ရက်က (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရာတွင် ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ်ကာရိနာ ပရယ်ဘတ်ဆမ်ဒက်ပရယ်ဘိုရွန်နစ် နိုရိုဒွန်ဆီဟာမိုနီက ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာဆီယံနှင့်တရုတ် ပူးပေါင်းဆောင်ရွက်မှု မြန်မာသတင်းစာနယူးလိုက်က ချီးကျူးရေးသား

ရန်ကုန် နိုဝင်ဘာ ၈

**အရှေ့တောင်အာရှ နိုင်ငံများအသင်းနှင့် တရုတ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုကို မြန်မာသတင်းစာနယူးလိုက်၏ ခေါင်းကြီးပိုင်း၌ တနင်္လာနေ့က ချီးကျူးရေးသား ဖော်ပြထားသည်။**

အာဆီယံထုတ်ကုန်များအတွက် မဟာဈေးကွက်ကြီးတစ်ခုဖန်တီးပေးမည့် အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးမှုကို များစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ယုံကြည်သည်ဟု ခေါင်းကြီးပိုင်း၌ ရေးသားထားသည်။

**ရေးသားဖော်ပြ**

တရုတ်နိုင်ငံ ကွမ်စီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ကျင်းပခဲ့သော တရုတ်-အာဆီယံစီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးပြီးဆုံးသွားပြီးနောက် ထိုသို့ နယူးလိုက်သတင်းစာက ခေါင်းကြီးပိုင်းမှနေ၍ မှတ်ချက်ပေး ရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည်။

**(အင်တာနက်)**

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ သွားဆေးခန်းတစ်ခန်း၌ ထိုင်းသွားဆရာဝန်တစ်ဦးက လူငယ်တစ်ဦးအား သွားတုစိုက်ပေးနေသည်ကို နိုဝင်ဘာ ၉ ရက်က တွေ့ရစဉ်။** (ယင်းသွားတုလုပ်ငန်းများတွင် အဖိုးတန်ရတနာများဖြင့် ပြုပြင်ထားသော သွားတုစိုက်သူ များပြားလာကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**



# အင်ဒိုနီးရှားသမ္မတနှင့် စင်ကာပူဝန်ကြီးချုပ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် သဘောတူညီ

ဂျကာတာ နိုဝင်ဘာ ၉

**အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုနှင့် စင်ကာပူဝန်ကြီးချုပ်လီရှင်လွန်းတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် တနင်္လာနေ့က သဘောတူညီခဲ့ကြသည်။**

အောင်မြင်သောပန်းတိုင်သို့ ရောက်ရှိရန် နှစ်နိုင်ငံကိစ္စများဆွေးနွေးရေး ပူးတွဲကောင်စီတစ်ရပ်ကိုထူထောင်ရန် ဆူဆီလိုကအကြံပြုပြောကြားသည်။ ဝန်ကြီးချုပ်လီနှင့် မိမိ၏ သဘောတူညီချက် အားလုံးသည် အိမ်နီးချင်းနှစ်နိုင်ငံအကြားနှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆူဆီလိုက ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

**ပြောကြား**

အဆိုပါ ပူးတွဲပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျေစီစီ)သည် နှစ်နိုင်ငံကိစ္စရပ်များ စီမံခန့်ခွဲရေးအဆင့်တွင် ၎င်း၏လုပ်ငန်းတာဝန် စတင်လုပ်ဆောင်ရန် မကြာမီကာလတွင် ထူထောင်ပေးနိုင်ကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့သည် အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်းအတွက် အတူတကွပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားမှုကြောင့် အာဆီယံကို ပိုမိုခိုင်မာစေရန် ပူးပေါင်းဆောင်ရွက်မှုနှင့် တိုင်ပင်နှီးနှောမှုများ တိုးပွားစေရန်လည်း သဘောတူညီထားကြောင်း ၎င်းကပြောကြားသည်။

မိမိတို့သည် ပင်လယ်နယ်နိမိတ်သတ်မှတ်ခြင်းကိစ္စရပ်များကဲ့သို့သော ထင်ရှားသည့်နှစ်နိုင်ငံကိစ္စအချို့ကို စီမံခန့်ခွဲရန်လည်း သဘောတူထားကြောင်း ဆူစီလိုက ပြောကြားသည်။

မိမိတို့သည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ နည်းပညာနှင့် ခရီးသွားလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းများကိစ္စ၊ မလက္ကာရေလက်ကြားတွင် အကြမ်းဖက်မှုများကိစ္စ ပူးပေါင်းဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြောင်း ဆူဆီလိုက ပြောကြားသည်။

**ဆွေးနွေး**

ထိုအတောအတွင်း ယင်းတို့သည် ယင်းတို့၏ စီးပွားရေးဝန်ကြီးများကို တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေး အလားအလာရှိသော နယ်ပယ်ကဏ္ဍများကို ဆွေးနွေးခဲ့ကြရာ နှစ်နိုင်ငံက အကောင်အထည်ဖော်မည့် စီမံကိန်းများကို တွေ့ဆုံရန်လည်း သဘောတူညီထားကြောင်း လီက ပြောကြားသည်။

နှစ်နိုင်ငံအကြားစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အလား အလာရှိသော ကဏ္ဍများစွာရှိကြောင်း၊ ယင်းသည် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို တိုးပွားစေရန် အလားအလာများပင် ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းနယ်ပယ်ကဏ္ဍများကို ပူးပေါင်း လေ့လာသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

# မလေးရှားလူဦးရေ ၂၅ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ နိုဝင်ဘာ ၉**

မလေးရှားနိုင်ငံသည် ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် လူဦးရေ ၂၅ ဒသမ ၇ သန်း ရှိလာကြောင်း၊ ပြီးခဲ့သောနှစ်က အဆိုပါစာရင်းပေါ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးလာကြောင်း သန်းခေါင်စာရင်းဦးစီးဌာနမှ နောက်ဆုံးစာရင်းများအရ သိရသည်။

**ရှိလာ**

အဆိုပါ စာရင်းအင်းဦးစီးဌာနမှ တနင်္လာနေ့က ထုတ်ပြန်သော သတင်းတစ်ရပ်တွင် နိုင်ငံသား ၂၄ သန်းနှင့် နိုင်ငံခြားသား ၁ ဒသမ ၇ သန်းရှိကြောင်း သိရသည်။ အမျိုးသားဦးရေသည် ယမန်နှစ်တွင် ၁၂၇၅၁၉၀၀ ရှိရာမှ ယခုနှစ် စက်တင်ဘာလတွင် ၁၃၀၉၃၃၀၀ ရှိလာသည်။

**နိုင်ငံသား**

ထိုအရေအတွက်အနက် ၁၂၁၃ ၉၀၀ နိုင်ငံသားများဖြစ်ပြီး ၉၅၅၄၀၀ သည် နိုင်ငံခြားသားများ ဖြစ်ကြသည်။

**သိရ**

အမျိုးသမီးအရေအတွက်သည် ယမန်နှစ်အလားတူ ကာလက ၁၂၂၉၆၄၀၀ ရှိရာမှ ၁၂၆၂၄၇၀၀ ရှိလာသည်။ ၁၁၈၆၈၂၀၀ သည် နိုင်ငံသား အမျိုးသမီးအရေအတွက် ဖြစ်ပြီး ၇၅၆၄၀၀ သည် နိုင်ငံခြားသားအမျိုးသမီးများဖြစ်ကြကြောင်း အဆိုပါ စာရင်းဇယားအရ သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရှန်ဟိုင်းမြို့ အီလက်ထရွန်းနစ်မြို့ ဖြစ်လာတော့မည်

ရှန်ဟိုင်း နိုဝင်ဘာ ၉

**၂၀၁၀တွင် ရှန်ဟိုင်းမြို့သည် အီလက်ထရွန်းနစ်မြို့တစ်မြို့ ဖြစ်လာစေမည်ဖြစ်ကြောင်း၊ ယင်းကိစ္စသည် စီမံခန့်ခွဲမှုနှင့် ဆုံးဖြတ်ချက်လုပ်ဆောင်ထားခြင်း စနစ်ဖြစ်ကြောင်း၊ ရည်မှန်းချက်သို့ရောက်ရှိစေမည်ဖြစ်ကြောင်း ဒုတိယမြို့တော်ဝန်ရန်ဂျွန်ကျီက ကမ္ဘာ့အင်ဂျင်နီယာများ ညီလာခံ ၂၀၀၄(ဒဗလျူအီးစီ၂၀၀၄)၌ ပြောကြားသည်။**

ရန်၏ရှန်ဟိုင်းဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာတွင် ၂၀၀၅၊၂၀၀၇၊၂၀၁၀၌ အီလက်ထရွန်နစ် စီးတီးဖြစ်လာစေရေး ရည်မှန်းချက်များ ချမှတ်ထားသည်။ ၂၀၀၅ခုနှစ်တွင် ရှန်ဟိုင်းသည် ၎င်း၏ ကွန်ပျူတာအသုံးပြုသူ တိုးလာခြင်း၊ အွန်လိုင်းအသုံးပြုသူများ၊ အီလက်ထရွန်းနစ်ကတ် အသုံးပြုသူများ၊ အီးကောမတ်ခ်တို့သည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ မြို့တော်အဆင့်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ရန်က ပြောကြားသည်။

၂၀၀၇ခုနှစ်တွင် ရှန်ဟိုင်းသည် ပြန်ကြားရေးနှင့် အခမဲ့ဆက်သွယ်ရေး၊ အစိုးရစီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအကြား ပြန်ကြားရေးဖလှယ်မှုများ တစ်စုတစ်စည်းတည်းဖြစ်မှုကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် တစ်ဦးချင်းနှင့်အစိုးရကြားရရှိနိုင်သည့် ဆက်သွယ်ရေး အတွက် အင်တာနက်ကဏ္ဍ၊ ပြည်သူ့အခက်အခဲ တားဆီးကာကွယ်ရေး၊ ပို့ဆောင်ရေးစသော မြို့စီမံကိန်းတစ်ရပ်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ရန်က ပြောကြားသည်။

ရှန်ဟိုင်းကို အီလက်ထရွန်းနစ်မြို့အဖြစ် ပြုပြင်ပြောင်းလဲရန် ပြည်သူ စီမံခန့်ခွဲမှု၊ ကုန်သွယ်ရေး၊ မြို့တော်စီမံကိန်း ဆက်သွယ်ရေးနှင့် ဖျော်ဖြေရေးတို့မှ ကြိုးပမ်းဆောင်ရွက်မှုများ လိုအပ်ကြောင်း ရန်ကပြောကြားသည်။ ရှန်ဟိုင်းသည် မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၁၁သန်း၊ အင်တာနက် အသုံးပြုသူ ၄ ဒသမ ၃၂သန်း၊ ယင်းတို့တွင် ကွန်ပျူတာရှိသူ ၆၀ရာခိုင်နှုန်း၊ အင်တာနက်ရှိသူ ၃၂ရာခိုင်နှုန်း၊ တီဗွီ ၃ ဒသမ ၇သန်းရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်စစ်ပွဲဆန့်ကျင်သည့် ဗြိတိန်နိုင်ငံသားဦးရေ စံချိန်တင်မြင့်မားခဲ့ကြောင်း လူထုသဘောထား၌ဖော်ပြ

လန်ဒန် နိုဝင်ဘာ ၁၀

**အီရတ်စစ်ပွဲကို ဗြိတိသျှပြည်သူလူထု၏ ဆန့်ကျင်ကန့်ကွက်မှုသည် စံချိန်တင်မြင့်မားခဲ့ကြောင်း တိုင်းမ်သတင်းစာက အင်္ဂါနေ့၌ ကောက်ယူခဲ့သော လူထုသဘောထားကောက်ယူချက်အရ သိရသည်။ ဆက်ဒမ်ဟူစိန်အား ဖယ်ရှားရန်အတွက် အီရတ်ကို စစ်ရေးအရ အရေးယူခြင်းသည် မှားယွင်းကြောင်း ၅၇ရာခိုင်နှုန်းက သဘောထားရှိကြပြီး ၃၁ရာခိုင်နှုန်းက ထောက်ခံကြကြောင်း တွေ့ရသည်။**

**သဘောထားပေး**

အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတို့ ကျူးကျော်ခဲ့ပြီးနောက် ၂၀၀၃ ခု ဧပြီလ၌ ပြုလုပ်ခဲ့သော လူထုသဘောထားစစ်တမ်းတွင် ဗြိတိန်နိုင်ငံသား သုံးပုံနှစ်ပုံနီးပါးက စစ်ဆင်နွှဲမှုကိုထောက်ခံကြပြီး ၂၄ရာခိုင်နှုန်းက မှားယွင်းကြောင်း သဘောထားပေးခဲ့ကြသည်။

**မေးမြန်းခဲ့**

ဖော်လူဂျာအနီး စစ်ဆေးရေးစခန်း၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ပြီး သီတင်းပတ်အကုန်၌ ယခုလူထုသဘောထားကို ကောက်ယူကြည့်ရာတွင် လူ ၁၅၀၄ ဦးကို မေးမြန်းခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**



**ဖော်လူဂျာမြို့တွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်များအား ဆေးကုသရန် သယ်ဆောင်နေသည်ကို နိုဝင်ဘာ ၉ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ရာမာဒီ၌ ကန်စစ်ယာဉ်တန်းဖြတ်သန်းစဉ် ကားဗုံးပေါက်ကွဲ မှုဖြစ်ပွား ကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် နိုဝင်ဘာ ၉

**အီရတ်နိုင်ငံအနောက်ပိုင်း ရာမာဒီမြို့တွင် အမေရိကန်စစ်ယာဉ်တန်း တနင်္လာနေ့က ဖြတ်သွားခိုက် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အီရတ်လေးဦးထက်မနည်းသေဆုံးပြီး တစ်ဒါဇင်မက ဒဏ်ရာရရှိခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရရှိသူများတွင် ပါဝင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

**ဆေးရုံသို့ရောက်ရှိ**

**ရာမာဒီရှိ ပင်မဆေးရုံက သေဆုံးသူလေးဦးနှင့် ဒဏ်ရာရသူတစ်ဦး ဆေးရုံသို့ရောက်ရှိလာကြောင်း ပြောကြားသည်။ တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အမေရိကန်စစ်ဘက်ဆိုင်ရာက ချက်ချင်းဝေဖန်ပြောဆိုခြင်း မပြုဘဲနေသည်။**

**ရာမာဒီမြို့သည် ဘဂ္ဂဒက်အနောက်ဘက်ကီလိုမီတာ ၁၀၀၌ရှိပြီး အန်ဘာပြည်နယ်ရှိ ဖော်လူဂျာမြို့အပြင် အီရတ်ပြောက်ကျားတပ်ဖွဲ့ဝင်များရှိရာမြို့လည်း ဖြစ်သည်။**

**ထိပ်ဆုံးစာရင်းဝင်**

**ဖန်နဝါရီလ ရွေးကောက်ပွဲမတိုင်မီ အမေရိကန်နှင့် အီရတ်တပ်များက ပြန်လည်သိမ်းယူမည့်မြို့များစာရင်းတွင် ရာမာဒီသည် ထိပ်ဆုံးစာရင်းဝင်မြို့ ဖြစ်သည်။**

အမ်အင်အေ၊ဆင်ဟွာ

# ဘဂ္ဂဒက်ဆေးရုံအနီးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား အီရတ်ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၉

**ဘဂ္ဂဒက်မြို့ရှိ ဆေးရုံတစ်ရုံအနီးအပြင်ဘက်တွင် တနင်္လာနေ့က အသေခံကားဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

**ဒဏ်ရာရ**

အဆိုပါ ဆေးရုံတွင် အဆောက်အအုံနှစ်ခု ဗုံးပေါက်ကွဲမှု၌ ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသပေးလျက်ရှိသည်။ ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ အဆောက်အအုံနှစ်ခုအပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာတွင် လူသုံးဦးထက်မနည်း သေဆုံးပြီး ၄၀ဒဏ်ရာရခဲ့သည်။

**ဖြစ်ပွား**

ယင်းနေရာများတွင်ဗုံးပေါက်ကွဲပြီး ဒဏ်ရာရခဲ့သူများကို ယာမောက်ဆေးရုံ၌ တင်ပို့ကုသပေးထားခဲ့သည်။ အမေရိကန်တပ်များက ဖော်လူဂျာမြို့အားသိမ်းရန် လုပ်ဆောင်ချိန်တွင် တနင်္လာနေ့၌ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# နိုဝင်ဘာ ၉ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၄၅ဦး ရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၀

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။**

**တိုက်ပွဲ၌သေဆုံး**

နိုဝင်ဘာ ၉ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၁၄၅ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၇၇ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၀၇ ဦးဖြစ်ပြီး ယင်းအနက် ၇၆၈ဦးမှာ တိုက်ပွဲ၌သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

# ဆီးရီးယားနှင့်တူရကီနှစ်နိုင်ငံ အီရတ်အရေးဆွေးနွေးကြမည်

အင်ကာရာ နိုဝင်ဘာ ၉

**အီဂျစ် နိုင်ငံတွင် ယခုလကုန်၌ ကျင်းပရန်ရှိသည့်အီရတ် ဆိုင်ရာ နိုင်ငံတကာ ညီလာခံ တစ်ရပ်တွင် အီရတ် နိုင်ငံဆိုင်ရာ ကိစ္စရပ်များကို ပြောဆိုဆွေးနွေးရန်အတွက် ဆီးရီးယား နိုင်ငံခြားရေး ဝန်ကြီး ဖာရွေ့အယ်ဆာရာသည် တူရကီနိုင်ငံ အင်ကာရာမြို့သို့ တနင်္လာနေ့က ရောက်ရှိလာခဲ့သည်။**

ပြောကြားမည်

**ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖာရွေ့အယ်ဆာရာသည် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသော တိုးတက်မှုအခြေအနေများနှင့် အီရတ်ကိစ္စရပ်များအပေါ်တွင် ပြောကြားသည့် ဆီးရီးယားသမ္မတ ဘာဆာ အယ်အာဆတ်၏ ပြောဆိုချက်များကိုလည်း တူရကီ နိုင်ငံခြားရေးဝန်ကြီးအာမက်နက်ဒက်ဆီဇာအား ပြောကြားမည်ဖြစ်သည်။**

ကျင်းပမည်

**အီဂျစ်နိုင်ငံပင်လယ်နီအပန်းဖြေစခန်း ဖြစ်သည့် ရှန်အယ်ရှိတ် တွင် ယခုနိုဝင်ဘာ ၂၂ ရက်မှ ၂၃ရက်အထိ အီရတ်ဆိုင်ရာ ပထမဆုံးနိုင်ငံတကာ ညီလာခံကို ကျင်းပမည် ဖြစ်သည်။**

တက်ရောက်မည်

**အဆိုပါညီလာခံသို့ အီရတ်၏ အိမ်နီးချင်းနိုင်ငံများ၊ တရုတ်၊ ဂျီ–၈အဖွဲ့ဝင် နိုင်ငံများ၊ အမေရိကန်၊ အာရပ်စကားပြော နိုင်ငံများနှင့် အခြားနိုင်ငံများလည်း တက်ရောက်ကြမည်ဖြစ်သည်။**

အမ်အင်အေ၊ဆင်ဟွာ



**ကင်းလှည့်**

**ဘဂ္ဂဒက်မြို့အနီး ဒေါ့ဂုဒ် စစ်စခန်းဝန်း ကျင် တွင် တင့်ကား တစ်စီးနှင့် ကင်းလှည့်နေသော ဗြိတိသျှ တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၈ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# အယ်လ်အန်ဘာ၌ တိုက်ပွဲများဖြစ်ပွား အမေရိကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၉

**အီရတ်နိုင်ငံ အယ်လ်အန်ဘာပြည်နယ်တွင် တနင်္ဂနွေနေ့ ညဘက်၌ တိုက်ပွဲဖြစ်ပွားခဲ့ရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့သည်။**

အယ်လ်အန်ဘာပြည်နယ်တွင်း၌ ဖော်လူဂျာနှင့် ရာမာဒီမြို့များတည်ရှိသည်။ ထိုတပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့ ညပိုင်းမှတနင်္လာနေ့ နံနက်ပိုင်းအတွင်းသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ပြောခွင့်ရှိသူက ပြောကြားသည်။

**သေဆုံးခဲ့**

သို့ရာတွင် မည်သည့်နေရာ၌ တိုက်ပွဲဖြစ်ပွားခဲ့သည်၊ မည်သို့ဖြစ်ပွားခဲ့သည်ကိုမူ ပြောကြားခြင်းမပြုဘဲထားသည်။ ယခုသေဆုံးမှုအပါအဝင် အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၁၁၄၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့အား ဖမ်းဆီးခေါ်ဆောင်လာသည်ကို နိုဝင်ဘာ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်အလယ်ပိုင်းနှင့်မြောက်ပိုင်းတွင် တိုက်ခိုက်မှုများဖြစ်ပွား ကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ၊ အီရတ်ခြောက်ဦး သေဆုံး

ရာမာဒီ နိုဝင်ဘာ ၉

**အီရတ်နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် တစ်ဒါဇင်ကျော် ဒဏ်ရာရခဲ့ပြီး အီရတ်ခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်။**

ဖော်လူဂျာမြို့အနောက်ဘက်ဒေသရှိ အချက်အချာစခန်းများကို အမေရိကန်နှင့် အီရတ်တပ်များ သိမ်းယူခဲ့ပြီးနောက် ထိုတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရာမာဒီမြို့တွင် အမေရိကန်စစ်ယာဉ်တန်းဖြတ်သွားခိုက် ကားဗုံးတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အီရတ်လေးဦးထက်မနည်းသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည်ဟု ရဲတပ်ဖွဲ့က တနင်္လာနေ့၌ ပြောကြားသည်။ မိုးဆူးလ်မြို့တွင် ဖြစ်ပွားသည့် အမေရိကန်စစ်ယာဉ်တန်းအား ကားဗုံးခွဲ တိုက်ခိုက်မှု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရခဲ့သည်ဟု အမေရိကန် စစ်ဘက်ပြောခွင့်ရှိသူက ပြောကြားသည်။ ဒဏ်ရာရသူ အရပ်သား ၁၂ ဦး လက်ခံရရှိကြောင်း ဆေးရုံအရာရှိများက ပြောကြားသည်။

**သေဆုံးဒဏ်ရာရ**

ဘဂ္ဂဒက်မြောက်ဘက်ရှိ ဆာမာရာမြို့အနီးတွင် အမေရိကန်တို့နှင့် ပူးပေါင်းအလုပ်လုပ်သော အီရတ်ကန်ထရိုက်တာများစီးလာသည့်ကားကို သေနတ်သမားတို့က ပစ်ခတ်ခဲ့ရာ ကန်ထရိုက်တာနှစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

**ကယ်ကွတ်မြို့ရှိ အီရတ်တပ်ဖွဲ့စခန်းအနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များအား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စစ်ဆေးကြည့်ရှုနေသည်ကို နိုဝင်ဘာ၉ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အီရတ်နိုင်ငံအလယ်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ အခြားနှစ်ဦးဒဏ်ရာရ

လန်ဒန် နိုဝင်ဘာ ၉

**အီရတ်နိုင်ငံအလယ်ပိုင်းတွင် မသင်္ကာဖွယ်လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ဗြိတိန် ဘလက်ဝပ်ချ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့၌ ပြောကြားသည်။**

ယခုသေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင်သည် ဘဂ္ဂဒက်တောင်ဘက်ဒေသသို့ ဗြိတိသျှတပ်ဖွဲ့ဝင်များ ရွှေ့ပြောင်းရောက်ရှိလာပြီးချိန်ကစ၍ လေးယောက်မြောက် သေဆုံးသူဖြစ်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များကို အမေရိကန်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များနေရာ၌ တာဝန်ယူရန်အတွက် အီရတ်တောင်ပိုင်းရှိ ဘာဆာရာအနီးမှနေ၍ ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဘဂ္ဂဒက်တောင်ဘက်ဒေသသို့ ပို့လွှတ်ခဲ့သည်။

ဗြိတိသျှတပ်ဖွဲ့ဝင် သုံးဦးနှင့် ၎င်းတို့၏စကားပြန်သည် စစ်ဆေးရေးစခန်း၌ အသေခံ ကားဗုံးဖေါက်ခွဲတိုက်ခိုက်ခြင်းခံရပြီး လွန်ခဲ့သည့် ကြာသပတေးနေ့က သေဆုံးခဲ့ကြရသည်။

ဗြိတိသျှသံချပ်ကာယာဉ်ကို နောက်ထပ် အသေခံဗုံးခွဲတိုက်ခိုက်ရာ၌ အခြားတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်၌ လုံခြုံရေးတိုးတက်မှုရှိအောင် ဆောင်ရွက်သင့် တူရကီဝန်ကြီးချုပ်က သမ္မတဘုရှ်အား ပြောကြား

အင်ကာရာ နိုဝင်ဘာ ၉

**အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ တည်ငြိမ်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်း အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အား တူရကီဝန်ကြီးချုပ် ရိပ်တိုင်ရစ်အီဒိုဂင်က ပြောကြားလိုက်သည်ဟု အရာရှိတစ်ဦးက ပြောကြားသည်ကို အနာတိုလီယာသတင်းဌာနတွင် တနင်္လာနေ့၌ သတင်းထုတ်ပြန်သည်။**

စစ်ဘေးစစ်ဒဏ်ခံနေရသည့် အီရတ်နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရေးအတွက် လိုအပ်သည့်ကိစ္စရပ်များကို ဆောင်ရွက်ရန်နှင့် အီရတ်နိုင်ငံ အခြေအနေ အရပ်ရပ် တည်ငြိမ်ရေးသည် အရေးတစ်ကြီးလိုအပ်နေသော အရာဖြစ်ကြောင်း ဘုရှ်ကို တယ်လီဖုန်းနှင့် ပြောဆိုဆွေးနွေးရာတွင် တူရကီဝန်ကြီးချုပ် အီဒိုဂင်က ပြောကြားခဲ့သည်။

**အရေးကြီး**

အီရတ်နိုင်ငံ၏ မှန်ကန်သော နယ်နိမိတ်သတ်မှတ်ချက်နှင့် အမျိုးသားရေးဆိုင်ရာ ကာကွယ်မှုများသည် တူရကီနိုင်ငံအတွက် အရေးကြီးကြောင်း၊ ထို့အတူ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွက်လည်း အရေးကြီးကြောင်း၊ တူရကီဝန်ကြီးချုပ် အီဒိုဂင်က ပြောကြားခဲ့ကြောင်း သိရသည်။

**ပစ်ခတ်**

ထိုစဉ်အတွင်း အီရတ်နိုင်ငံမြောက်ပိုင်းတွင် တနင်္ဂနွေနေ့က လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် တူရကီယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ရသည်။

**ဖမ်းဆီးခံရ**

ထို့ပြင် အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်ကုန်က ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသော တူရကီဓားစာခံနှစ်ဦးလည်း လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည်။

**သေဆုံးခဲ့**

အီရတ်စစ်ပွဲဖြစ်ပွားချိန်မှ စတင်ကာ အီရတ်နိုင်ငံတွင် တူရကီနိုင်ငံသား စုစုပေါင်း ၆၀ သေဆုံးခဲ့ရပြီ ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်အနောက်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ဘဂ္ဂဒက် နိုဝင်ဘာ ၉

**ဘဂ္ဂဒက်အနောက်တောင်ပိုင်း အဆောက်အအုံတစ်ခု၏ အပြင်ဘက်တွင် တနင်္လာနေ့ညနေပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၃၅ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။**

ပေါက်ကွဲမှုကြောင့် ထိုအဆောက်အအုံအပြင်ဘက် နံရံပျက်စီးသွားပြီး နံဘေးရှိ အိမ်မီးလောင်ကျွမ်းခံရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆောက်အအုံအပြင်ဘက်၌ ကားဗုံးပေါက်ကွဲခဲ့ခြင်းမှာ အနီးအနား၌ ဗုံးထောင်ထားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ၂၀၀၄ ခုနှစ်၌ အစားအစာထုတ်လုပ်မှု ဗီယက်နမ်မြင့်တက်

ဟန္နိုင်း နိုဝင်ဘာ ၉

**ဗီယက်နမ်သည် ၂၀၀၄ ခုနှစ်အတွင်း ဆန်အဓိကဖြစ်သော အစားအစာတန် သိန်း ၃၈၁ဒသမ ၆မှ တန် ၃၈၁ဒသမ ၉သန်းအထိ စံချိန်တင်ထုတ်လုပ်မည်ဖြစ်ရာ တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၃ဒသမ၇ရာခိုင်နှုန်းအထိ တိုးမြင့်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ဟက်တာ ၇ ဒသမ ၄ သန်းမှ ဆန်စပါးတန် ၃၅ ဒသမ ၇ သန်းထုတ်လုပ်ရန် ခန့်မှန်းထားရာ ထုတ်လုပ်မှု ၃ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း လွန်ခဲ့သည့်နှစ်ကထက် ဧကပမာဏ ၀ဒသမ ၄ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ၂၀၀၄ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၈ သန်းတင်ပို့ရန် စီစဉ်ထားရာ ၂၀၀၃ခုနှစ်က တင်ပို့သည့် ၃ဒသမ ၉သန်းထက် ကျဆင်းခဲ့သည်။

ယခုနှစ်တွင် ဗီယက်နမ်သည် တစ်ဟက်တာလျှင် ၄ ဒသမ ၁ မှ ၅ ဒသမ ၇ တန်ထွက်မည့် စပါးသုံးသီး ထွန်ယက်စိုက်ပျိုးခဲ့သည်။

ပီလောပီနံတစ်ဟက်တာလျှင် ၃ ဒ သမ ၅တန်နှင့် ၁၄ ဒသမ ၅ တန်အသီးသီးထွက်ရှိသော ပြောင်းဖူးစိုက်ခင်း ဟက်တာ ၉၆၄၆၀၀ နှင့် ပီလောပီနံ ဟက်တာ ၃၇၀၅၀၀ ကိုလည်း ထွန်ယက်စိုက်ပျိုးထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# စိုက်ပျိုးရေနှင့်သောက်သုံးရေရရှိရေးတည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် မြိုင်မြို့နယ်ရှိ သစ်ကြီးတောနှင့် သီရိနန္ဒာရေလှောင်တမံ

## သစ်ကြီးတောရေလှောင်တမံ

| | | |
|---|---|---|
| တည်နေရာ | – | မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သစ်ကြီးတောကျေးရွာ |
| တမံအမျိုးအစား | – | မြေသားတမံ၊ အုတ်စီရေထုတ်ပြွန် |
| ရေသိုလှောင်နိုင်မှုပမာဏ | – | ဧက ပေ ၈၀၀ |
| ဖွင့်လှစ်ခဲ့သည့်နေ့ | – | ၂၁–၁၀–၂၀၀၄ |

## သီရိနန္ဒာရေလှောင်တမံ

| | | |
|---|---|---|
| တည်နေရာ | – | မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဒေါင်အိုကျေးရွာ |
| တမံအမျိုးအစား | – | မြေသားတမံ၊သံကူကွန်ကရစ် ရေထုတ်ပြွန် |
| ရေသိုလှောင်နိုင်မှုပမာဏ | – | ဧကပေ ၁၈၂၀၀ |
| ဖွင့်လှစ်ခဲ့သည့်နေ့ | – | ၂၁–၁၀–၂၀၀၄ |



## သစ်ကြီးတောရေလှောင်တမံ

**စပါးစိုက်ဧက ၇၅ ဧကကို ရေပေးဝေနိုင်မည့် မြိုင်မြို့နယ်ရှိ သစ်ကြီးတောရေလှောင်တမံကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး (မြန်မာ့အလင်း)

**အောက်တိုဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့သော စပါးစိုက်ဧက ၇၅ ဧကအတွက် ရေပေးဝေနိုင်မည့် ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ သစ်ကြီးတော ရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)





## သီရိနန္ဒာ ရေလှောင်တမံ

**အောက်တိုဘာ ၂၁ရက်က ဖွင့်လှစ်ခဲ့သော ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက်သာမကဒေသဖွံ့ဖြိုးတိုးတက်ရေးကိုပါ အကျိုးပြုလျက်ရှိသည့် မြိုင်မြို့နယ်ရှိ သီရိနန္ဒာရေလှောင်တမံ၏ ပင်မရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း –သိန်းဝင်းလေး (မြန်မာ့အလင်း)

11-11 (07).p65 1 3/24/05, 11:05 PM



**ထူးချွန်ဆုချီးမြှင့်**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)တွင် ဒုတိယဆုရ မြန်မာ့အလင်း သတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင်(၄)စာစီ ဒေါ်အိအိခင်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)**

✳ ကျောဖုံးမှ

## တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့်ဗိုလ်မှူးချုပ် အောင်သိန်း၊ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူးများ၊ စာတည်းမှူးချုပ်များ၊ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး၊ မန်နေဂျာများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက၊ ဥက္ကဋ္ဌနှင့် ဝါရင့်သတင်းစာ ဆရာကြီးများ၊ သတင်းစာပညာသင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ဤသတင်းစာပညာသင်တန်းသည် နိုင်ငံနှင့်လူမျိုးအတွက်ရော၊ ဌာနအတွက်နှင့်သတင်းစာလောကအတွက်ပါ အလွန်အရေးကြီးသည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ထို့အပြင် သင်တန်းသား သင်တန်းသူများ အတွက်ပါ အကျိုးရှိကြောင်း။

## ရည်ရွယ်ချက်

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်သုံးရပ်ဖြစ်သော သတင်းစာပညာနှင့်သတင်းစာလုပ်ငန်းကိုအခြေခံအားဖြင့် ကျွမ်းကျင်တတ်မြောက်စေရန်၊ သင်တန်းသားများ၏ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေးမြင့်မားစေရန်နှင့် စိတ်ပိုင်းဆိုင်ရာ အရည်အသွေး တိုးတက်မြင့်မားစေရန်၊ နိုင်ငံနှင့် လူမျိုးအကျိုးဘက်မှ အမြဲရပ်တည်ပြီး အရည်အသွေးထက်မြက်မြင့်မားသော သတင်းစာများကို အစဉ်ထုတ်ဝေနိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များအတိုင်း သင်တန်းသား သင်တန်းသူများအနေဖြင့် လိုက်နာကျင့်သုံးရုံမကဘဲ နောင်အနာဂတ် သတင်းစာလောကနယ်ပယ်တွင်ပါ ထိုရည်ရွယ်ချက်များအတိုင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သတင်းစာပညာ သင်တန်းနှင့် အကျုံးဝင်သည့် သင်ခန်းစာပို့ချချက်များဖြစ်သော အမျိုးသား နိုင်ငံရေးနှင့် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်နှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒများ၊ သတင်းစာနှင့် စာနယ်ဇင်းဆိုင်ရာ လုပ်ငန်းသမိုင်း၊ နိုင်ငံခြားရေးမူဝါဒများ၊ သတင်းလိုက်ခြင်း၊ သတင်းရှာဖွေစုဆောင်းရေးသားခြင်း၊ လေ့လာရေးခရီးရေးသားခြင်းစသည့် သတင်းစာပညာနှင့်ပတ်သက်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာရေးရာများနှင့် အထွေထွေ ဗဟုသုတများကို ဤသတင်းစာပညာသင်တန်းတွင် ပို့ချခဲ့ကြောင်း။

## သတင်းစာကဏ္ဍများစွာအရေးကြီး

သတင်းစာသည် ရှေးနှစ်ပေါင်းများစွာကတည်းက လူထုဆက်သွယ်ရေး မီဒီယာတစ်ခုအနေဖြင့် ရှိနေခဲ့ကြောင်း၊ ဆက်လက်၍လည်း ရှိနေဦးမည်ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာတွင်လည်းသတင်းစာကဏ္ဍမှာ များစွာ အရေးကြီးနေဦးမှာဖြစ်ကြောင်း။

ထို့ကြောင့် သတင်းစာလောက အတွက် အရည်အသွေးမြင့်မားသော သတင်းစာဆရာများပေါ်ထွန်းလာစေရေးနှင့် နောင်အနာဂတ်ဒီမိုကရေစီနိုင်ငံ အတွက် တိုင်းပြည်နှင့်လူမျိုးဘက်က ရပ်တည်ပြီး ဆောင်ရွက်သွားနိုင်မည့် အရည်အသွေးပြည့်ဝသည့် သတင်းစာဆရာများပေါ်ထွန်းလာစေရန် မျှော်မှန်းကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချလိုက်သော ကျွမ်းကျင်မှုများကို အခြေခံပြီး လက်တွေ့နှင့် ပေါင်းစပ်ကာ လက်တွေ့ နယ်ပယ်တွင်သတင်းစာပညာကို အသုံးချပြီး အရည်အသွေးမြင့်မားသည့် မီဒီယာပညာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရန်၊ ထိုသို့လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုဖြင့် မလုံလောက်ဘဲ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများဖြင့် လုပ်ငန်းတိုင်းတွင်ပေါင်းစပ်ဆောင်ရွက်သွားရန်၊ စိတ်ပိုင်းဆိုင်ရာ အခြေခံမှန်ကန်ရန် လိုအပ်ကြောင်း။

## မှန်မှန်ကန်ကန်ရပ်တည်ဆောင်ရွက်

ထို့ကြောင့် သတင်းစာလောက အတွက် မီဒီယာလက်နက်သည်အရေးကြီးကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံသား နိုင်ငံသူများ၏ အခွင့်အရေး မှန်မှန်ကန်ကန်ရရှိနိုင်အောင် ဆောင်ရွက်သည့် နေရာတွင် မဂ္ဂဇိုင်ကြီးလေးရပ်ဖြင့် ဆောင်ရွက်ရကြောင်း၊ ဥပဒေပြုရေး မဂ္ဂဇိုင်၊ တရားစီရင်ရေးမဂ္ဂဇိုင်နှင့် အုပ်ချုပ်ရေးမဂ္ဂဇိုင်ဖြစ်သည့်ထိုမဂ္ဂဇိုင်သုံးရပ်တို့ကို စတုတ္ထမဂ္ဂဇိုင်ဖြစ်သည့် လူထုဆက်သွယ်ရေးသတင်းစာမဂ္ဂဇိုင်ကထိန်းထားကြောင်း၊ ထိုလူထုဆက်သွယ်ရေး သတင်းစာမဂ္ဂဇိုင်သည် အလွန်အမင်း လွတ်လပ်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တိုင်းပြည်၏ နိုင်ငံရေး၊အုပ်ချုပ်ရေး၊ စီးပွားရေးများထိခိုက်သည်အထိ လွတ်လပ်မှုလွန်ကဲမည်ဆိုလျှင် အဆိုပါ စတုတ္ထမဂ္ဂဇိုင်၏ ရည်ရွယ်ချက်သည် ပျောက်ပျက်သွားနိုင်ကြောင်း၊ ထို့ကြောင့် စတုတ္ထမဂ္ဂဇိုင်ကို တည်ဆောက်သည့်အခါ အမျိုးသားအကျိုးစီးပွားနှင့် တိုင်းပြည်နှင့် လူမျိုးဘက်က မှန်မှန်ကန်ကန်ရပ်တည်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေးနှင့်အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ဝန်ကြီးဌာနကပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်းတွင် Media Coverဖြစ်အောင် ဆက်လက်ကြိုးပမ်းရေး၊ ပြည်ပကိုပါ Media Cover ထိုးဖောက်နိုင်အောင် ဆက်လက်ကြိုးပမ်းရေး၊ မီဒီယာလုပ်ငန်းများသွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားသည့် မီဒီယာဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်ရေးတို့ကို အထူးလိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

## အမြဲရှင်သန်သွက်လက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ သင်တန်းသား သင်တန်းသူများအနေဖြင့် ဤသင်တန်းက ပို့ချလိုက်သည့် ရည်မှန်းချက်သုံးရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မီဒီယာလုပ်ငန်းကို ဆောင်ရွက်သည့်နေရာတွင်လည်း ပြည်တွင်းတွင် နယ်စပ်ဒေသပါမကျန် Media Cover ဖြစ်ရုံမက ကမ္ဘာကိုပါ ထိုးဖောက်နိုင်အောင် Media Cover ဖြစ်အောင်၊ အရည်အသွေး မြင့်မားထက်မြက်နေအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ထိုသို့ဆောင်ရွက်ကြရာတွင်လည်း လေ့နံဓားထစ် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အမြဲရှင်သန်သွက်လက် ထက်မြက်နေအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးဘက်က ရပ်တည်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

## ထူးချွန်ဆုချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းတွင် ပထမဆုရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မမ၊ ဒုတိယဆုရ မြန်မာ့အလင်းသတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင်(၄) စာစီ ဒေါ်အိအိခင်နှင့်တတိယဆုရပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်ခင်သူဇာတို့အားလည်းကောင်း၊ ပုံနှိပ်သတင်းစာထုတ်ဝေခြင်းတွင် ပထမဆုရ မြန်မာ့မော်ကွန်း သတင်းစာထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဦးမိုးကျော်၊ ဒုတိယဆုရ ခေတ်ကြေးမုံ သတင်းစာ ထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဦးလှုဟန်နှင့် တတိယဆုရ မြန်မာ့ပုံရိပ်သတင်းစာ ထုတ်ဝေရေး အဖွဲ့ခေါင်းဆောင် ဦးကျော်ဝင်းတို့အားလည်းကောင်း ထူးချွန်ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းစိန်က ခေါင်းကြီးရေးသားခြင်း အကောင်းဆုံးဆုရ မြန်မာ့အလင်းသတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင်(၄) စာစီ ဒေါ်သန္တာမြင့်၊ ဆောင်းပါးရေးသားခြင်း အကောင်းဆုံးဆုရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံကျွမ်းကျင်(၂) ဒေါ်မေသက်ထွန်းနှင့် သတင်းစုဆောင်းခြင်း အကောင်းဆုံးဆုရ မြန်မာ့အလင်းသတင်းစာတိုက်မှ ပုံနှိပ်ကျွမ်းကျင်(၃) စာပြင် ဒေါ်လတ်လတ်ငြိမ်း တို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ကြိုးစားအားထုတ်ခြင်း အကောင်းဆုံး ဆုရ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အကြီးတန်းစာရေး ဒေါ်ခင်ခင်စိုး၊ သတင်းစာ အမှားအယွင်းကင်းစင်အောင် ဆောင်ရွက်ခြင်းအကောင်းဆုံးဆုရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်ရွှေရွှေမြင့်နှင့်ပူးပေါင်းဆောင်ရွက်ခြင်း အကောင်းဆုံးဆုရ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ စုံစမ်းရေးမှူး ဦးမိုးကျော် တို့အားလည်းကောင်း ထူးချွန်ဆုများကို ချီးမြှင့်ကြသည်။

## သင်တန်းဆင်းလက်မှတ်ပေးအပ်

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင်အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ စုံစမ်းရေးမှူး ဦးမိုးကျော်အားလည်းကောင်း၊ ပြင်ပမှလာရောက်ပို့ချသည့် ဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များနှင့် သတင်းစာဆရာကြီးများကိုယ်စား မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖအားလည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် သင်တန်းခန်းမအပြင်၌ ခင်းကျင်းပြသထားသော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)သင်တန်းသား သင်တန်းသူများ၏ ပုံနှိပ်သတင်းစာများဖြစ်သောမြန်မာ့မော်ကွန်း၊မြန်မာ့ပုံရိပ်နှင့် ခေတ်ကြေးမုံတို့ကိုလည်းကောင်း၊ ခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာနှင့်ကာတွန်းတို့ကိုလည်းကောင်း၊ လေ့လာရေးခရီးစဉ်များနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

**(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄)တွင် ဆောင်းပါးရေးသားခြင်း အကောင်းဆုံးဆုရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်သံကျွမ်းကျင်(၂)ဒေါ်မေသက်ထွန်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)**



**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၄)တွင် ကြိုးစားအားထုတ်ခြင်းအကောင်းဆုံးဆုရ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အကြီးတန်းစာရေး ဒေါ်ခင်ခင်စိုးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)**



**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ စုံစမ်းရေးမှူးဦးမိုးကျော်အား သင်တန်းဆင်းလက်မှတ်များပေးအပ်စဉ်။**

**(မြန်မာ့အလင်း)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်

ရဲမောင်

ရန်ကုန်မြို့ သမဝါယမကုန်သွယ်ရေး ဗဟိုဌာန ဆရာစံပလာဇာ၌ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၆ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် သမဝါယမ ဝန်ကြီးဌာန သမဝါယမ ဒေသထွက်ကုန် အရောင်းပွဲတော်တွင် စွမ်းအားသစ် သမဝါယမအသင်းနှင့် ဆုံစည်းခွင့်ရခဲ့သည်။

စွမ်းအားသစ် သမဝါယမအသင်း ဥက္ကဋ္ဌနှင့် စပါးခွံဓာတ်ငွေ့ထုတ် စက်များအကြောင်း ပြောကြပြီးနောက် စပါးခွံဓာတ်ငွေ့စက် လည်ပတ်နေမှုကို ကြည့်ရှု လေ့လာရန် သန်လျင် ကျိုက်ခေါက်ဘုရားလမ်း၊ သန်လျင် ဂေါက်ကွင်းနှင့် မျက်နှာချင်းဆိုင်ရှိ မြရွှေဝါ ဆန်စက်သို့ ရောက်ခဲ့ကြသည်။

စွမ်းအားသစ် စပါးခွံသုံးဓာတ်ငွေ့ထုတ်စက်ကို ဤသို့တွေ့ရသည်။



စွမ်းအားသစ် သမဝါယမ အသင်းမှာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် တည်ရှိသည်။ စွမ်းအားသစ် သမဝါယမအသင်း၏ အဓိကထွက်ကုန်မှာ စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံး စက်များဖြစ်သည်။ စွမ်းအားသစ်၏ ထွက်ကုန် စပါးခွံဓာတ်ငွေ့သုံးစက်များ ထုတ်လုပ်မှုကို လေ့လာနိုင်ရန် သန်လျင်သို့လည်း ရောက်ဖြစ်ခဲ့သည်။ ထုတ်လုပ်မှု လုပ်ငန်းကိုလည်း လေ့လာခွင့်ရရှိခဲ့သည်။ စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံးစက်များကို ဇင်ယော်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်လျက်ရှိသည်။

"ကျွန်တော်တို့ စွမ်းအားသစ် သမဝါယမအသင်းက ထုတ်လုပ်တဲ့ စွမ်းအားသစ် စပါးခွံ ဓာတ်ငွေ့သုံး စက်များဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေကို များစွာအထောက် အကူပြုနိုင်ပါတယ်။ စပါးခွံဓာတ်ငွေ့ထုတ်စက်နှင့်အင်ဂျင် တွဲဖက်လည်ပတ်ပြီး ဆန်စက်လုပ်ငန်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ကြာဆံစက်လုပ်ငန်း၊ အမှုန့်ကြိတ်စက် လုပ်ငန်း၊ ရေခဲစက်လုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ မာလ်တီမီဒီယာစာသင်ခန်းနှင့် စိုက်ပျိုးရေးအတွက် ရေတင်ခြင်းလုပ်ငန်းတွေလုပ်ကိုင်နိုင်ပါတယ်"ဟု အသင်း ဥက္ကဋ္ဌ ဦးသိန်းတန်က ရှင်းပြသည်။

စွမ်းအားသစ် စပါးခွံဓာတ်ငွေ့ သုံးစက် လည်ပတ်နေသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။

စွမ်းအားသစ် စပါးခွံဓာတ်ငွေ့ သုံး စက်ကို ၂၀၀၄ခုနှစ် ဧပြီလတွင် စတင်လည်ပတ်ခဲ့ကြောင်း၊ ဓာတ်ငွေ့ ထုတ်စက်ကို မြင်းကောင်ရေ ၁၂၀ ရှိ TE-21အင်ဂျင်ဖြင့် တွဲဖက်လည်ပတ်နေကြောင်း မြရွှေဝါ ဆန်စက်ပိုင်ရှင် ဦးတင်မြက ရှင်းပြသည်။

TE-21အင်ဂျင်ကို ဒိုင်နမိုဖြင့် တွဲလျက် လျှပ်စစ်မီး ထုတ်ယူသုံးစွဲလျက် ရှိသည်။ ဒိုင်နမိုမှာ ၅၀ကီလိုဝပ် လျှပ်စစ်ဓာတ်အား ထွက်ရှိပြီး ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် အမှုန့်ကြိတ်စက် ၂၅ကောင်အား၊ ခါစက် ငါးကောင်အား၊ အဝီစိတွင်း နှစ်ကောင်အား၊ အဲယားကွန်းနှင့် ရေခဲသေတ္တာ သုံးကောင်ခွဲအားနှင့် ဆန်စက်အတွင်း လေးပေမီးချောင်း အချောင်း ၃၀ သုံးစွဲလျက်ရှိနေသည်။ လျှပ်စစ်မီး တစ်မျိုးတည်း သုံးစွဲမည်ဆိုပါက လေးပေမီးချောင်း ၇၀၀၊ နှစ်ပေ မီးချောင်း ၁၄၀၀လောက် သုံးစွဲနိုင်မည်ဖြစ်သည်။ စက်လည်ပတ်ချိန်မှာ အဆိုင်းနှစ်ဆိုင်း ၁၆နာရီခန့် ရှိကြောင်း သိရသည်။

စက်လည်ပတ်ရာတွင် တစ်နာရီလျှင် စပါးခွံ ၁၀တင်းကုန်ကြောင်း၊ ဒီဇယ်ဆီဆိုပါက တစ်နာရီ နှစ်ဂါလန်ခွဲကုန်မှာဖြစ်ကြောင်း၊ စပါးခွံတစ်တင်းမှာ ကျပ် ၂၀ ဝန်းကျင်ဈေးရှိပြီး တစ်နာရီအတွက် ငွေကျပ် ၂၀၀ ရှိကြောင်း၊ စပါးခွံဓာတ်ငွေ့ဖြင့် စက်လည်သည့်အတွက် နာရီတိုင်းတွင် ကုန်ကျစရိတ် များစွာသက်သာသည်ဟု ပြောနိုင်မှာဖြစ်ကြောင်း ဦးတင်မြက ထပ်မံရှင်းပြသည်။

မြရွှေဝါဆန်စက်တွင် စွမ်းအားသစ်စပါးခွံဓာတ်ငွေ့သုံးစက်လည်ပတ်နေသည်ကို လေ့လာကြည့်ရှုနေစဉ် စွမ်းအားသစ် သမဝါယမအသင်း အတွင်းရေးမှူး ဦးအောင်သန့်က **"စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံးစက်ဟာ ဓာတ်ဆီနဲ့ နှိုးပေးဖို့ မလိုပါဘူး။ ကတ္တရာချိုးတွေကြောင့် အင်ဂျင်ဟက်ဖွင့်ဆေးကြောရခြင်းလည်း မရှိပါဘူး။ မီးပလတ်တွေမှာလည်း ကတ္တရာချိုး မတက်လို့ မကြာခဏ ဆေးကြောရတာမျိုးမရှိတဲ့အပြင် ဓာတ်ဆီသုံး အင်ဂျင် ပလတ်တွေလိုပဲ အသုံးပြုနိုင်ပါတယ်။ ကာဗွန်မှုန့်မထွက်လို့ ပင်စတင်နှင့် စလစ်တွေမှာလည်း ထိခိုက်မှုမရှိပါဘူး။ ဒီစက်ကိုကိုင်တွယ်မောင်းနှင်ဖို့ အလုပ်သမားတွေ အများကြီး မလိုဘဲ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးရှိရင် လုံလောက်ပါတယ်။** ဒါ့အပြင် ဒီဓာတ်ငွေ့စက်အတွက် အာမခံ သုံးနှစ်ပေး ထားပါတယ်"ဟု ရှင်းပြသည်။



စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံးစက်ဖြင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးစဉ်။

> စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံးစက်ဟာ ဓာတ်ဆီနဲ့နှိုးပေးဖို့ မလိုပါဘူး။ ကတ္တရာချိုးတွေကြောင့် အင်ဂျင်ဟက်ဖွင့် ဆေးကြောရခြင်းလည်း မရှိပါဘူး။ မီးပလတ်တွေမှာလည်း ကတ္တရာချိုး မတက်လို့ မကြာခဏဆေးကြောရတာမျိုး မရှိတဲ့အပြင် ဓာတ်ဆီသုံး အင်ဂျင် ပလတ်တွေလိုပဲ အသုံးပြုနိုင်ပါတယ်။ ကာဗွန်မှုန့်မထွက်လို့ ပင်စတင်နှင့်စလစ်တွေမှာလည်း ထိခိုက်မှု မရှိပါဘူး။ ဒီစက်ကို ကိုင်တွယ်မောင်းနှင်ဖို့ အလုပ်သမားတွေ အများကြီး မလိုဘဲ ကျွမ်းကျင်ဝန်ထမ်း တစ်ဦးရှိရင် လုံလောက်ပါတယ်။



ကီလိုဝပ် ၅၀ လျှပ်စစ်ဓာတ်အားထုတ်ပေးနေသည့် ဒိုင်နမိုကို ဤသို့တွေ့ရသည်။

စပါးခွံဓာတ်ငွေ့စက်တွင်သန့်စင်ရန် လိုအပ်သည့်အစိတ်အပိုင်းများကို လွယ်ကူစွာ သန့်စင်နိုင်သည်။ လုပ်ငန်း အရွယ်အစားပေါ်မူတည်ကာ နိုင်နင်းမည့် ဓာတ်ငွေ့စက်နှင့် အင်ဂျင်စက်များ တွဲဖက်ပြီး ကုန်ထုတ်လုပ်မှုကို စွမ်းအားပြည့် စိတ်ချယုံကြည်စွာ ပြုလုပ်နိုင်သည်ဟု သိရသည်။

စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံးစက်များ ထုတ်လုပ်ရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်သည် အဆင့်မြင့် နည်းပညာသုံး စပါးခွံဓာတ်ငွေ့ အထူးသန့်စင်စက်များနှင့် အရည်အသွေးပြည့်ဝသော ဓာတ်ငွေ့သုံး အင်ဂျင်စက်များကို အဓိကထွက်ကုန် အဖြစ် ထုတ်လုပ်လျက် ရှိသည်။ စွမ်းအားသစ် ဓာတ်ငွေ့သန့်စင်စက်သည် ပြောင်းလဲပြင်ဆင်မှု မပြုရဘဲ စပါးခွံအစား လွှစာမှုန့်ဖြင့်လည်း အသုံးပြု လည်ပတ်နိုင်ကြောင်း သိရသည်။

**စွမ်းအားသစ် သမဝါယမ အသင်းက ထုတ်လုတ်သော စွမ်းအားသစ် စပါးခွံဓာတ်ငွေ့သုံး စက်များသည် ဒီဇယ်ဆီ၊ ဓာတ်ဆီအသုံးပြုရန် မလိုသည့်အတွက် နိုင်ငံခြားငွေ သုံးစွဲရမှုကို ချွေတာနိုင်သည်။ စက်အသုံးပြု ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်သည်။**

နိုင်ငံတော်က ချမှတ်ဖော်ဆောင်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဖြစ်သော ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသ ရေရရှိရေး၊ ကျေးလက်ဒေသ ပညာရေး အဆင့်အတန်း မြင့်တင်ရေး၊ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု မြင့်တင်ရေးနှင့် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက်လည်း များစွာအထောက် အပံ့ပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥

● ကျောဖုံးမှ

စစ်တောင်းမြစ်အတွင်း စီးဆင်းသည့် အဓိကမြစ်လက်တက်ကြီး ၁၁ခုဖြစ်သော ဆင်သေ၊ ငလိုက်၊ ပေါင်းလောင်း၊ ဆွာ၊ ခပေါင်း၊ ဖြူး၊ ကွန်း၊ ရဲနွယ်၊ သောက်ရေခပ်၊ ရွှေကျင်တို့ရှိရာတွင် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံအောက်ဘက် ၁ဒသမ ၂၅မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသည့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးတိုးတက်မှု၌ ပါဝင်သည့် စီမံကိန်းဖြစ်သည်။

**ရှင်းလင်းပြောပြ**

ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းနှင့်ပတ်သက်၍ လေ့လာရေးသားရန်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက ခပေါင်းရေလှောင်တမံတည်ရှိရာ ပဲခူးတိုင်း အုတ်တွင်းမြို့နယ်သို့ရောက်ရှိကြရာ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းက ရှင်းလင်းပြောပြသည်။

**ထုတ်လုပ်နိုင်မည်**

ခပေါင်းရေလှောင်တမံစီမံကိန်းသည် နိုင်ငံတော်က ဆောင်ရွက်နေသည့် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သောစီမံကိန်းတစ်ခုဖြစ်သည်။ စီမံကိန်းဆောင်ရွက်ခြင်းအားဖြင့် လယ်မြေဧရိယာဧကေ တစ်သိန်းရေပေးဝေနိုင်မည် ဖြစ်သည့်အပြင် ရေအားလျှပ်စစ်မဂ္ဂါဝပ်၃၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

**ရေကြီးမှုကာကွယ်**

ထို့အပြင် နှစ်စဉ်ကြုံတွေ့နေရသော ခပေါင်းချောင်း ရေကြီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည်။ ခပေါင်းချောင်း၏ ရေဆင်းဧရိယာသည် ၄၁၈စတုရန်းမိုင်ရှိပြီး ဒေသမိုးရေချိန်မှာ တစ်နှစ်လျှင် လက်မ ၉၀ရှာသွန်းသည့်အတွက် နှစ်စဉ် ပျမ်းမျှ စီးဆင်းသောရေသည် ဧကပေ ၇၃၀၀၀၀ ရှိသည်။

**မြေသားတမံအမျိုးအစား**

ခပေါင်းရေလှောင်တမံစီမံကိန်းအရ ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျား ပေ ၉၂၀ နှင့် အမြင့်မှာ ပေ၂၀၀ ရှိမည်ဖြစ်သည်။ ဆည်တည်ဆောက်ပြီးသောအခါတွင် သိုလှောင်နိုင်မည့် ကန်ရေပြည့်ပမာဏသည် ဧကပေ ၈၇၈၅၇၀ သိုလှောင်နိုင်မည်ဖြစ်သည်။ ကန်ရေသေ ဧရိယာအကျယ်အဝန်းသည် ၁၄၆၅၇ ဧက ရှိမည်ဖြစ်သည်။

**လုပ်ငန်း(၅)ခု**

ခပေါင်းရေလှောင်တမံစီမံကိန်းတွင် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကြီး(၅)ခုပါဝင်ရာ နံပါတ်(၁)မှာ ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်း၊ နံပါတ်(၂) မြေသားတမံတည်ဆောက်ခြင်း၊ နံပါတ်(၃) ရေပိုလွှဲတည်ဆောက်ခြင်းဖြစ်ပြီး နံပါတ်(၄)မှာ ရေလှောင်တမံ၏ အောက်ဘက် နှစ်မိုင်ခန့်အကွာတွင် ရေလွှဲဆည်တစ်ခုတည်ဆောက်မည်ဖြစ်သည်။ ရေလွှဲဆည်နှင့်တစ်ဆက်တစ်စပ်တည်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းကို အဓိကလုပ်ငန်း(၅)ခုအဖြစ်အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။



ခပေါင်းချောင်းရေလှောင်တမံနှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ဖော်ပြရလျှင် ခပေါင်းချောင်းရေကိုလွှဲပြီး ရေလှောင်တမံတည်ဆောက်နိုင်ရန် အဓိကဖြစ်သော ရေလွှဲဥမင်လိုဏ်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့သည်။ ရေလွှဲဥမင်လိုဏ်တည်ဆောက်ရာ၌ ရေလွှဲဥမင်လိုဏ်၏ အလျားသည် ပေ ၁၂၀၀ရှိ၍ ရေလွှဲဥမင်လိုဏ်၏ အချင်းသည် ၁၃ဒသမ၁၂ပေ(မီတာအားဖြင့် ၄မီတာ)ရှိသည်။

**အောင်မြင်စွာပြီးစီး**

ရေလွှဲဥမင်တည်ဆောက်ကြရာတွင် အခက်အခဲများရင်ဆိုင်ကျော်လွှားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရသည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် တိုးလျှိုပေါက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဆက်လက်ပြီး ဥမင်လိုဏ်အား ကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်းကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလမှ စတင် ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် မတ်လ၌ ကွန်ကရစ် သွန်းလောင်းမှုလုပ်ငန်း အောင်မြင်စွာပြီးစီးခဲ့သည်။

ခပေါင်းချောင်းရေကို ရေလွှဲဥမင်မှ ရေလွှဲနိုင်ရန်အတွက် ယာယီရေလွှဲတမံတစ်ခုကို ခပေါင်းချောင်းတွင် တည်ဆောက်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ဇန်နဝါရီ ၂၀ရက်တွင် ခပေါင်းချောင်းအား ယာယီပိတ်ထားနိုင်ခဲ့သည်။ ယာယီ ရေလွှဲတမံ၏အမြင့်မှာ ပေ ၄၀ ရှိသည်။

**ဆက်လက်ဆောင်ရွက်**

ခပေါင်းချောင်းရေသည် တဖြည်းဖြည်းတိုးမြင့်လာသည့်အတွက်ခပေါင်းချောင်းရေကို တည်ဆောက်ပြီးစီးသော ရေလွှဲဥမင်မှ ၂၀၀၄ ခုနှစ် မေ ၂၀ရက်မှစ၍ စတင်လွှဲပေးနေပြီဖြစ်သည်။ ပင်မတမံမြေဖို့ခြင်းလုပ်ငန်းကို မိုးရာသီဖြစ်သောကြောင့် မြေဖို့ခြင်းလုပ်ငန်းကို ယာယီရပ်ဆိုင်းထားပြီး လာမည့်နှစ် ပွင့်လင်းရာသီတွင် ပင်မတမံမြေဖို့ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**အဓိကထားဆောင်ရွက်**

ခပေါင်းရေလှောင်တမံ စီမံကိန်းအရ ရေသောက်ဧရိယာဧကေတစ်သိန်းသို့ ရေပေးမည်ဖြစ်ရာ စပါး၊ ကြံနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။ ခပေါင်းရေလှောင်တမံဒေသသည် မိုးရေချိန်လက်မ ၉၀ပျမ်းမျှရွာသွန်းသောဒေသဖြစ်ပြီး မိုးစပါးအတွက် မိုးသီးနှံအတွက်ဆည်ရေပေးရန်မလိုဘဲ အဓိကမှာ နွေစပါး၊ နွေသီးနှံစိုက်ပျိုးရေးအတွက် ရေပေးနိုင်ရန် အဓိကထားဆောင်ရွက်မည်ဖြစ်သည်။

**ရေအားလျှပ်စစ်**

ခပေါင်း ရေလှောင်တမံဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဒေသအတွင်းလယ်ယာ မြေဧကေ တစ်သိန်းခန့်ရေပေးစိုက်ပျိုးနိုင်မည့်အပြင် ရေအားလျှပ်စစ်နှစ်စဉ်ထုတ်လုပ်မှု ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ကို ထုတ်လုပ်ပေးနိုင်ခြင်းကြောင့် ဒေသခံတောင်သူများ၏ တစ်ဦးချင်း ဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ရာ နိုင်ငံတော်အကျိုးစီးပွားဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသား တင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံအောက်ဘက် ၁ဒသမ၂၅မိုင်ခန့်အတွင်းတွင် တည်ဆောက်လျက်ရှိသည့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းဝန်းကျင်ကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အလှူငွေနှင့် အလှူပစ္စည်းများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပမည့် ၁၃၆၆ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဦးကျော်မြင့် (တိုင်းရင်းဆေးသမားတော်ကြီး–တောင်ငူ)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ တိုင်းရင်းဆေးလေးမျိုးပါ အထုပ် ၁၃၀၊ ဦးသန်းဝင်းရှိန် (သန်းဝင်းရှိန်)က ငွေကျပ် ၆၅၀၀၀ တန်ဖိုးရှိ မေတ္တာစာပဒေသာစာအုပ် ၁၃၀၊ ဦးအေးသိန်း(ခွန်အောင်သိန်း) ရေးမြို့နယ်က ငွေကျပ် ၁၀၀၀၀၊ သန်လျင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးဟန်ညွန့် (ဟန်ညွန့်–ဥပဒေ)–ဒေါ်စမ်းစမ်းမြင့်(ညိုညိုယဉ်–ဒိုက်ဦး) တို့က ငွေကျပ်၁၀၀၀၀၊ ဦးသန်းရွှေ–ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း)တို့က ငွေကျပ်၁၀၀၀၀၊ မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၁၀၀၀၀၊ ဒေါ်ခင်လေးမွန်(ကလျာမွန်–စမ်းချောင်း)၊ ဦးမြထွန်း(မြတ်ထွန်းဦး)၊ ဦးစိုးဝင်း(တက္ကသိုလ်–စိုးယဉ်)တို့က ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာ ၉ ရက်နေ့အထိ နိုင်ငံအဝန်းတွင်**
**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၁၀၀၇၁ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**


## ပခုက္ကူအသင်း(ရန်ကုန်) ဘုံကထိန်သင်္ကန်းဆက်ကပ်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပခုက္ကူ နယ်သူနယ်သားများ ပခုက္ကူအသင်း(ရန်ကုန်)၏ (၁၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ၂၁ရက်(တနင်္ဂနွေနေ့)မွန်းလွဲ၁ နာရီတွင် ပခုက္ကူတန်ဆောင်း ရွှေတိဂုံဘုရား မြောက်ဘက်မုခ် အာဇာနည်လမ်း၌ ကျင်းပမည်ဖြစ်သည်။

အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းနိုင်ကြရန် အလှူခံဌာနကို နိုဝင်ဘာ၁၅ရက်မှ ၂၀ရက်အထိ အထက်ဖော်ပြပါ တန်ဆောင်း၌ ဖွင့်လှစ်ထားပြီး ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ဖုန်း–၅၃၅၄၉၆၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးဆန်း ဖုန်း–၃၈၃၈၅၇၊ ဦးသန်းမြင့် ဖုန်း–၆၄၂၄၄၅နှင့် အတွင်းရေးမှူး ဦးချစ်လှိုင် ဖုန်း–၃၇၂၃၃၀ တို့သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**




## မင်းကင်းမြို့နယ် ရှားတောကျေးရွာ အလက ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ရှားတောကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ အောက်တိုဘာ၃၀ရက်က Excellent Centre ၏ ဒုတိယအကြိမ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပသည်။ အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အမှာစကားပြောကြားကြသည်။

**ဆုချီးမြှင့်**

ထို့နောက် မင်းကင်းမြို့နယ် အထက်ပိုင်းရှိ မူလတန်း၊အလယ်တန်းနှင့် အထက်တန်း ကျောင်းပေါင်း ၃၀ ကျော်မှ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်အတန်းတင် စာမေးပွဲများတွင် ပထမရရှိသော ကျောင်းသားကျောင်းသူများအား ရန်ကုန်မြို့ Excellent ဓာတ်ပုံတိုက်မှ ဦးဝဏ္ဏထွေးက ပညာရည်ချွန်ဆုများကို ချီးမြှင့်သည်။ **(အပေါ်ပုံ)**

**အလှူငွေပေးအပ်**

ယင်းနောက် ဦးဝဏ္ဏထွေးက ဆုချီးမြှင့်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာသင်ကျောင်းဆောက်လုပ်ရန် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# တိုင်းမှူး ပိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တော်အတွင်းရှိလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၀

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော် အတွင်းရှိ လမ်းများ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ** (အပေါ်ပုံ) **တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။**

### ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့သည် နံနက် ၆ နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အတွင်း ခြောက်လမ်းသွား ကမ်းနားလမ်းမကြီး၌ စက်ယန္တရားကြီးများဖြင့် နိုင်လွန် ကတ္တရာထပ်ပိုးလွှာခင်းနေမှု အခြေအနေများကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် ၆ လမ်းနှင့် ကိုင်းတန်းလမ်းကြားရှိ နောက်ဖေးလမ်းကြား၌ သန့်ရှင်း သပ်ရပ်စွာ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်း ကန်တော်ကြီးဥယျာဉ်ရှေ့၌ စက်ယန္တရားကြီးများဖြင့် နိုင်လွန် ကတ္တရာ ထပ်ပိုးလွှာခင်းနေမှု၊ လူသွားစင်္ကြံများ ကွန်ကရစ်ကျောက်ပြားများဖြင့် အသစ်လဲလှယ် ခင်းကျင်းပြီးစီးမှု၊ လမ်းလယ်ကျွန်းများ၌ တော်ဝင်အုန်းပင်နှင့် မြက်ခင်းများ စိုက်ပျိုးပြီးမှု အခြေအနေများကိုလည်းကောင်း၊ သာကေတမြို့နယ် အမှတ်(၁) ထူပါရုံရပ်ကွက် စုပေါင်းအိမ်ရာပတ်လမ်းများကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ခင်းနေမှုအခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မောင်းမကန် ကမ်းသာလမ်းကို အမှတ်(၂) လမ်းမကြီးကို ဖြတ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းအထိ အကျယ် ၄၈ ပေရှိ ကတ္တရာ လမ်းခင်းနိုင်ရန် စက်ယန္တရားများ အသုံးပြု၍ အရှည်ပေ ၇၀၀၀၊ အကျယ် ပေ ၆၀ ရှိ မြေသားလမ်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ယင်း လမ်းမကြီး ပေါ်၌ တံတားများတည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများအလိုက် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က တာဝန်ရှိသူများအား ရန်ကုန်မြို့တော်အတွင်းရှိလမ်းများ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အင်တိုက် အားတိုက် ဆောင်ရွက်ကြရေး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အတွင်းရှိ အသစ်ဖောက်လုပ်လျက်ရှိသော မောင်းမကန်ကမ်းသာ လမ်းအပိုင်း အမြန် ပြီးစီးရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပျဉ်းမနားအသင်း(ရန်ကုန်)မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပျဉ်းမနားအသင်း(ရန်ကုန်)မှကြီးမှူး၍ မဟာဘုံကထိန်ကို နိုဝင်ဘာ ၂၀ ရက်၊ (စနေနေ့)နံနက် ၉ နာရီခွဲမှ ၁၁ နာရီအထိ တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ပါရမီလမ်းပေါ်ရှိ(၁)ဝိုင်းကျောင်းတိုက်အတွင်းရှိ ပျဉ်းမနားကျောင်း တိုက်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ ပျဉ်းမနားသူ ပျဉ်းမနားသားများနှင့် အသင်းဝင်ပြီးသူများဖြစ်စေ၊ မဝင်ရသေးသူများဖြစ်စေ တက်ရောက် လှူဒါန်းနိုင်ပြီး မဟာဘုံကထိန်အတွက် လှူဒါန်းလိုပါက ဦးအေးလွင် ဖုန်း- ၅၄၉၆၉၁၊ ဦးထွန်းအောင်ဖေ ဖုန်း-၂၉၂၀၈၆၊ ဦးကျော်ဝင်း ဖုန်း-၂၄၅၄၃၁ နှင့် ဦးစိုးတင့် ဖုန်း-၅၄၆၁၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရ သည်။ **(က-ပ)**

## ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် သုံးထပ်ကျောင်းဆောင်ရေစက်ချလှူဒါန်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အောင်တော်မူမဟာစည်ရိပ်သာ ကျောင်းတိုက်တွင် ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ၊ စုပေါင်း ဆောက်လုပ်ထားသော သုံးထပ်ကျောင်းဆောင်နှင့် ထာဝရပဒေသာပင်(ပထမ အကြိမ်) အပင်ငါးရာပြည့် ရေစက်ချပွဲကို ၁၃၆၆ခု တန်ဆောင်မုန်းလဆန်း ၈ ရက် (နိုဝင်ဘာ၁၉ ရက်) သောကြာနေ့ နံနက် ၈နာရီခွဲတွင် ကျင်းပမည် ဖြစ်သည်။

### ဆက်ကပ်နိုင်

ဓမ္မမာမကကျောင်းဆောင်တွင် ပါဝင်လှူဒါန်းထားကြသော အလှူရှင်များနှင့် ထာဝရဆွမ်းပဒေသာပင် အလှူရှင်တို့သည် ဖိတ်စာမရောက်သော်လည်း ရေစက်ချပွဲသို့ ကြွရောက်ကြရန်နှင့် ဘုံကထိန်လျာသင်္ကန်း လာရောက် ဆက်ကပ်နိုင်ကြောင်း သိရသည်။ **(က-ပ)**



**နှစ်ဖက်သောမိဘများအား အမှူးထား၍ ၇၄(H) အေးချမ်းသာယာလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ကိုပြည့်စုံ-မချောကလျာမိသားစုက ဆေးပဒေ သာပင်အတွက်အလှူငွေကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်းရန်ကုန်သို့လှူဒါန်းရာဒုတိယဥက္ကဋ္ဌဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်) က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။** (က-ပ)





# ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား၊ ထူးချွန်သူများဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၀

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)ကို နိုဝင်ဘာ ၈ ရက် နံနက် ၈နာရီခွဲက ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။**

### အကျယ်တဝင့်ပြောကြား

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ **(အပေါ်ပုံ)** က နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကာလတိုငါးနှစ်စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အောင်မြင်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်ရေးတို့အတွက် ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွအရှိန်အဟုန်ဖြင့်အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး အကျယ်တဝင့် ပြောကြားသည်။

### ဆုများချီးမြှင့်

ယင်းနောက် တိုင်းမှူးက ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုလွှာနှင့် ဆုများ ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးက ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် အထက်တန်းနှင့် အလယ်တန်းအဆင့်တွင် ဘက်စုံထူးချွန် ပထမရရှိကြသူများအား ဂုဏ်ပြုလွှာနှင့် ဆုများကို ချီးမြှင့်သည်။

ထို့နောက် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာ စိုင်းဆေးကော်က ၂၀၀၄ ခုနှစ် ထူးချွန်ကြက်ခြေနီ ဆုရရှိသူများနှင့် မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု ဆင့်ပွားသင်တန်း(၂/၂၀၀၄)တွင် ဆုရသူများအား ဂုဏ်ပြုလွှာနှင့် ဆုများကို ချီးမြှင့်သည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီးက တာချီလိတ်မြို့နယ် ရန်ရှင်း(၄)ရွာအတွက် ၂၀ လက်မ ရောင်စုံ ရုပ်မြင်သံကြားစက်တစ်လုံးနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအတွက် အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိန်လွင်က လက်ခံသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ ကတ်ထိုက်ကျေးရွာမှ အသင်းဝင် အဆိုပြုလွှာများကို ကတ်ထိုက်ကျေးရွာ စည်းရုံးရေးမှူး ဦးသီဟာက ဗဟိုအလုပ်အမှုဆောင်အား ပေးအပ်ပြီးအစည်းအဝေးပထမပိုင်းကို ခေတ္တရပ်နားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ အစည်းအဝေး သဘာပတိများအဖြစ် ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဒေါက်တာ စိုင်းဆေးကော်၊ ပြည်နယ် အလုပ်အမှုဆောင် ဦးပီတာသောင်းစိန်နှင့် ဦးအောင်စိုးတို့က ဆောင်ရွက်ကြ သည်။ဆက်လက်၍ ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စီမံရေးရာနှင့် စည်းရုံးရေးရာ အစီရင်ခံစာကို ပြည်နယ် အလုပ်အမှုဆောင် ဦးဘိုသိန်းက လည်းကောင်း၊ လူမှု/ယဉ်ကျေးမှုနှင့် ပညာရေးအစီရင်ခံစာကို ပြည်နယ် အလုပ်အမှုဆောင် ဦးရာမေလရဲန်က လည်းကောင်း၊ စီးပွားရေးနှင့် လူငယ်ရေးရာအစီရင်ခံစာကို ပြည်နယ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်က လည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး ကိုယ်စားလှယ်များက အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ ဒေါက်တာစိုင်းဆေးကော်က အကြံပြုဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်းဖြေကြားပြီး ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ခြင်း၊ အကြံပြုဆွေးနွေးချက်များကို မှတ်တမ်းတင်ခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၂၀၀၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ အတည်ပြုခြင်းများကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တံခွန်စိုက်ဒိုင်းဆုရအသင်းအားဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၁၀

**၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊လေ)ဂျူဒို၊ကျွမ်းဘားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။**

ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများသည် ၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲမှ ဂျူဒိုအားကစားသမားများ ယှဉ်ပြိုင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၀၄ခုနှစ်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ)ဂျူဒို၊ကျွမ်းဘားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက အခြေခံအဆင့်ကျွမ်းဘားပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်း၊ ဒုတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုများကို လည်းကောင်း၊ အခြေခံအဆင့် ကျွမ်းဘားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အားကစားသမားများအားလည်းကောင်း၊ အဆင့်မြင့်အဆင့် ကျွမ်းဘားပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်း ဆုများကိုလည်းကောင်း၊ အဆင့်မြင့်အဆင့် ကျွမ်းဘားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် အားကစားသမားများအား လည်းကောင်း၊ လူသစ်တန်းဂျူဒိုပြိုင်ပွဲ၊ (ခ) တန်း ဂျူဒိုပြိုင်ပွဲနှင့် (က)တန်း ဂျူဒိုပြိုင်ပွဲတို့တွင် ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

### ဆုများပေးအပ်

ဆက်လက်၍ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်ခင်စိုးက လူသစ်တန်း ဂျူဒိုပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယတပ်ကြပ် အောင်ခင်ဆင့်အား လည်းကောင်း၊ မင်္ဂလာဒုံ တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းသိန်းက (ခ)တန်းဂျူဒိုပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ကြပ် ဝဏ္ဏထွန်းနှင့်(က)တန်းဂျူဒိုပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတပ်ကြပ် ကျော်သီဟတို့အားလည်းကောင်း၊ အမှတ်(၂)စစ်ဒေသမှူးဗိုလ်မှူးချုပ်မျိုးမြင့်က ကျွမ်းဘားပြိုင်ပွဲအခြေခံအဆင့်နှင့် အဆင့်မြင့်အဆင့်တို့တွင်ပထမဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်း၊ လူသစ်တန်းဂျူဒိုပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသည့် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်အသင်း၊ (ခ)တန်း ဂျူဒိုပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် (က)တန်းဂျူဒိုပြိုင်ပွဲတွင် ပထမဒိုင်း ဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့အားလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာန ချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ကျွမ်းဘားတံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တံခွန်စိုက်ဒိုင်းဆုနှင့်ဆင့်ပွား ဒိုင်းဆုကိုပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ ဂျူဒိုတံခွန်စိုက်ဒိုင်းဆု ရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက တံခွန်စိုက် ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုကို ပေးအပ်ချီးမြှင့် ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



နိုဝင်ဘာ ၅ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး မိသားစု၏ ဆွမ်းဒါနအောင်ပွဲကို ဗဟန်း ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်ကြီးတွင်ကျင်းပရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယော ဆရာတော်)ထံ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ပြည့်စုံအေးသာသနာ့ရိပ်သာ ကထိန်သင်္ကန်းကပ်လှူပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် သုနန္ဒာလမ်းရှိ မဟာစည် ဩဝါဒခံ ပြည့်စုံအေးသာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲ (၇)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲကို ရိပ်သာ ပဓာနနာယက တောင်ငူဆရာတော်ဘဒ္ဒန္တသုဇာတက ကြီးမှူး၍ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ယောဂီများ၊ တပည့်ဒါယကာ၊ ဒါယိကာမများက တန်ဆောင်မုန်းလပြည့်(နိုဝင်ဘာ ၂၆ ရက်)နံနက်တွင်အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ စီဝိုင်စီ ကထိန်သင်္ကန်းတစ်စုံ ကျပ်သုံးထောင်ဖြစ်စေ၊ မိမိတတ်စွမ်းသမျှဖြစ်စေ တောင်ငူမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များ၊ လှူဒါန်းလိုသူများသည် ဝေယျာဝစ္စအဖွဲ့နှင့် နာယကဆရာတော် ဖုန်း-၆၉၀၀၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ရေနံချောင်းအထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

မကွေးတိုင်း ရေနံချောင်းမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းတွင် သက်ပြည့်အငြိမ်းစားယူသွားကြသော ကျေးဇူးရှင်ဆရာကြီး ဆရာမကြီး ၉၄ ဦးတို့အား ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း နဝဒေးခန်းမဆောင်၌ ဆဋ္ဌမအကြိမ်မြောက် အာစရိယ ပူဇော်ကန်တော့ပွဲကို ကျင်းပရန်စီစဉ်ထားသည်။

ရေနံချောင်း အထက(၁)တွင်တာဝန်ထမ်းဆောင်ပြီး အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူကျောင်းသား ကျောင်းသူဟောင်းများသည် ဗိုလ်မှူးဌေးလွင်(ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်)ဖုန်း-၀၁-၅၄၃၃၄၈၊ ဦးတင်မောင်သန်း(အောင်ရတနာ)ဖုန်း-၀၁-၆၈၀၉၀၉၊ ဦးစန်းလွင် ဖုန်း-၀၁-၆၄၁၆၂၉၊ ဦးမောင်မောင်မြတ် ဖုန်း-၀၁-၅၂၄၂၀၊ ဦးသောင်းညွန့် (ဦးစီးမှူး၊စာရင်းရုံး)ဖုန်း-၀၂-၂၂၂၈၀၊ ဦးမောင်မောင် (ဦးစီးအရာရှိ၊ ငြိမ်း၊ ဆည်မြောင်း)ဖုန်း-၀၂-၃၁၈၃၆၊ ဦးကျော်ညွန့် (ဗဟိုတရားရုံးရှေ့နေ) ဖုန်း-၀၆၃-၂၁၁၈၀၊ ဦးဝင်းရှိန်(လမင်းတစ်ရာ၊ ပဲခွဲစက်)ဖုန်း-၀၆၁-၅၀၂၉၁၊ ဦးဝမ်းထွန်း (ကျောင်းအုပ်ဆရာကြီး၊ အထက-၁) ဖုန်း-၀၆၀-၂၁၀၆၇၊ ဦးမြမောင်(အတွင်းရေးမှူး)ဖုန်း-၀၆၃-၆၀၁၁၇၊ ဦးသန်းမြင့် (ရွှေကြယ်) ဖုန်း-၀၆၀-၂၁၅၅၃ နှင့် ဦးကြည်ဝင်း(ရှမ်းမင်းသား) ဖုန်း-၀၆၀-၂၁၁၁၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာ့ကြက်တောင်မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်ရေး ရည်ရွယ်၍ အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)နှင့် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ် တို့ပူးပေါင်း၍ ဂရိတ်ဝေါလ်ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းတို့က ပံ့ပိုးကူညီသည့် ဒုတိယအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၂၄ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း အမှတ် ၆၈ မြို့မကြက်တောင် အားကစားရုံတွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင်ခရိုင်ပေါင်းစုံ အသင်းလိုက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ၊ အသက်(၁၂)နှစ်၊ (၁၄)နှစ်နှင့် (၁၆)နှစ်အောက်အမျိုးသား၊အမျိုးသမီး တစ်ဦးချင်းတံခွန်စိုက် ကြက်တောင် ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

၎င်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် နိုဝင်ဘာ ၁၈ရက် နောက်ဆုံးထား၍ အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ကာယဌာနသို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# ပြည်နယ်နှင့်တိုင်း ဘီလိယက်နှင့်စနူကာပြိုင်ပွဲ ရန်ကုန်တိုင်းအတွက်လူရွေးချယ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၀၄ခုနှစ် စတုတ္ထအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘီလိယက်နှင့် စနူကာပြိုင်ပွဲ ရန်ကုန်တိုင်းလက်ရွေးစင် အသင်းအတွက် မြို့နယ်ပေါင်းစုံ ဘီလိယက်နှင့် စနူကာလူရွေးချယ်ပွဲကို နိုဝင်ဘာ ၁ရက်မှ၄ရက်အထိGame City ဘီလိယက်ခန်းမတွင် ကျင်းပ ပြီးရွေးချယ်ခဲ့ရာ ဘီလိယက်ပြိုင်ပွဲ အတွက် မိုးအောင်သူ(ရွှေပြည်သာ မြို့နယ်)၊ မင်းမင်းဦး(ဒေါပုံမြို့နယ်)၊ ချိုမင်းဦး(မင်္ဂလာတောင်ညွန့်မြို့နယ်)၊ အောင်နိုင်ဝင်း(ကွမ်းခြံကုန်းမြို့နယ်)၊ ခင်မောင်မြင့်(ပုဇွန်တောင်မြို့နယ်)နှင့် ချစ်ဆွေ(ကျောက်တံတားမြို့နယ်)တို့ကို ရွေးချယ်ခဲ့သည်။

စနူကာပြိုင်ပွဲအတွက် စိုင်းထွေး (ဒဂုံမြို့နယ်)၊သီဟဝင်း(ဒေါပုံမြို့နယ်)၊ အောင်ကျော်စိုး(ပုဇွန်တောင်မြို့နယ်)၊ ချမ်းမြေ့ကျော် (မင်္ဂလာတောင်ညွန့်မြို့နယ်)နှင့် မြတ်ကောင်းခန့် (အလုံမြို့နယ်)နှင့် ရန်နိုင်စိုး(မင်္ဂလာတောင်ညွန့်မြို့နယ်)တို့အား ရန်ကုန်တိုင်း အသင်းအတွက် ရွေးချယ်၍ မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ် (အောင်ဆန်းကွင်း)တွင် လေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ မြို့တော်စည်ပင်ကပတ္တမြားနဂါးကိုအနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အဆင့်မြင့်တန်းပတ်လည်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက ပတ္တမြားနဂါးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နိုဝင်ဘာ၉ ရက်က ယှဉ်ပြိုင်ကစားသည့် (ကက)အုပ်စုမှ ဆောက်လုပ်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့၏ပွဲစဉ်တွင် ဆောက်လုပ်ရေးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### ယနေ့ပွဲ

နိုဝင်ဘာ ၁၁ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှားအားကစား

## ရွှေဘောလုံးဆု ကနဦး ၅၀ စာရင်းထုတ်ပြန် ဒီဇင်ဘာ၌ အကောင်းဆုံးဘောလုံးသမားဆု ကြေညာမည်

**ပဲရစ် နိုဝင်ဘာ ၁၀**

ဂရိမှ ဘောလုံးသမားခြောက်ဦးသည် ဥရောပအကောင်းဆုံး ဘောလုံးသမား ၅၀ ကနဦးစာရင်းတွင်ပါဝင်ကြကြောင်း အယ်ကွိပ်နေ့စဉ် အားကစားသတင်းစာက တနင်္လာနေ့တွင်ဖော်ပြသည်။

ယင်းဘောလုံးသမားခြောက်ဦးမှာ ထရန်နို့စ်ဒယ်လတ်စ်၊ အိန်ဂျယ်လော့စ်ခရစ္စတီးရပ်၊ မိုက်ချာလစ်ကက်ပ်ဆစ်၊ အင်တိုးနစ်နီကိုပိုလစ်ဒစ်၊ ယော်ကတ်ဆိတာရီဒစ်နှင့် ဇာဂိုရာကစ်တို့ ပါဝင်သည်။ ဂရိသည် ဇွန်လက ပေါ်တူဂီ၌ ယူရို ၂၀၀၄ အောင်ပွဲရခဲ့ပြီးနောက်သမိုင်းတွင် ဥရောပတိုက်၌ အကောင်းဆုံးဘောလုံးသမားများ ကနဦးရွေးချယ်မှုတွင် ဤသို့ ပါဝင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကနဦးစာရင်းမှ ၅၀ဦးတွင် ပြင်သစ်မှ ခြောက်ဦးပါဝင်သည်။ ယင်းတို့တွင် ဇီးနက်ဒင်းဇီဒန်း၊ ဟင်နရီ၊ ပက်ထရစ်ဗီယာရာတို့လည်း ပါဝင်သည်။ ဘရာဇီးမှခုနစ်ဦး ပါဝင်ကြသည်။

၂၀၀၄ ရွှေဘောလုံးဆု သို့မဟုတ် ဥရောပအကောင်းဆုံးဘောလုံး သမားဆုကို ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ဥရောပအားကစားကလောင်ရှင်များ၏ မဲပေးဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ရန် ဆုံးဖြတ်ထားကြောင်း ပြင်သစ်ဘောလုံးမဂ္ဂဇင်းက ထုတ်ပြန် ကြေညာသည်။

ယမန်နှစ်က အဆိုပါရွှေဘောလုံးဆုကို ဂျူဗင်းတပ် ကွင်းလယ်ကစားသမား ပါဗယ်နက်ဗတ်က ဆွတ်ခူးရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**အတ္တလန္တာ ချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသော တောင်အာဖရိကနိုင်ငံသား ရက် တစ်ဖ် ဂူ ဆင်အား ဖလားနှင့် အတူ တွေ့ရစဉ်။**

## အတ္တလန္တာချန်ပီယံဂေါက်သီးရိုက်ပြိုင်ပွဲ တောင်အာဖရိကမှ ရက်တစ်ဖ်ဂူဆင် ဗိုလ်စွဲ

**အတ္တလန္တာ နိုဝင်ဘာ ၁၀**

အတ္တလန္တာချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဂျော်ဂျီယာနိုင်ငံ၌ နိုဝင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲများတွင် ကမ္ဘာ့နာမည်ကြီး တိုက်ဂါးဝုဒ်၊ ကမ္ဘာ့နံပါတ်(၁)ဖီဂျီနိုင်ငံသား ဗီဂျေဆင်း၊ ဂျေးဟတ်စ်၊ အာနိုင်း စသော ဂေါက်သီးရိုက် အကျော်အမော်များ ပါဝင်ခဲ့ကြသည်။ ယင်း အတ္တလန္တာချန်ပီယံ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်အာဖရိကမှ ရက်တစ်ဖ်ဂူဆင်သည် သတ်မှတ်ရိုက်ချက်ထက် ၁၁ချက် လျှော့ရိုက်ကာ အတ္တလန္တာချန်ပီယံဘွဲ့ကို ဆွတ်ခူးသွားခဲ့သည်။

အမေရိကန် တိုက်ဂါးဝုဒ်သည် ယင်းပြိုင်ပွဲတွင် နောက်ဆုံးအကျော့အထိ ဦးဆောင်ခဲ့သော်လည်း ဂူဆင်က နောက်ဆုံးအကျော့တွင် လေးချက်ရိုက်ကာ ဖလားရယူသွားခဲ့သည်။ ၎င်းသည် ယူအက်စ်အိုးပင်း ဂေါက်သီးရိုက် ပြိုင်ပွဲတွင်လည်း ကြီးစိုးခဲ့သူဖြစ်သည်။

တိုက်ဂါးဝုဒ်နှင့် ဂျေးဟတ်စ်တို့သည် ထိုနေ့က ပူးတွဲ ဒုတိယ လိုက်ခဲ့ကြသည်။ ဂူဆင်သည် နောက်ဆုံးအကျော့၌ ခြောက်ချက် လျှော့ရိုက်ကာ ၆၄ချက် ရိုက်ခဲ့သည်။ စုစုပေါင်း ၇၂ ကျင်းတွင် ၂၆၉ ချက်ရိုက်ပြီး စုစုပေါင်း ၁၁ ချက် လျှော့ရိုက်ခဲ့သည်။

**(အင်တာနက်)**

## ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် ၁၆/၂ ရပ်ကွက် ရတနာလမ်းရှိ စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက်တွင် တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် အရှင်သုန္ဒရ အမှူးပြုသည့် သံဃာတော် အရှင်သူမြတ်တို့အား အလှူဒါယကာ အလှူဒါယိကာမများ ဖြစ်ကြသော ဦးဝမ်ဟုတ် - ဒေါ်ခင်မာအေး၊ ဦးခင်-ဒေါ်ရှုကြည်၊ ဒေါ်ရီမေသင်း၊ ဦးဝမ်စိုင်-ဒေါ်မြမြသွေး နှင့် စွန်းလွန်း ယောဂီများက ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာကို နိုဝင်ဘာ၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ဒေးဒရဲ ပေါ်တော်မူ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဒေးဒရဲမြို့နယ် ပေါ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ရေး ဩဝါဒါစရိယ ဆရာတော်များ၏ ဩဝါဒကို ခံယူ၍ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် တညင်ကုန်းကျေးရွာ ပေါ်တော်မူဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်မှ ၉ရက်အထိ ပဌာန်း ပူဇော်ပွဲ၊ တရားပွဲများနှင့်ပျော်ပွဲရွှင်ပွဲ၊ ဇာတ်ပွဲ အငြိမ့်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**




## အမည်ပြောင်း

အဖဦးဝင်းကြိုင်၏သား အထက (၄)ကြည့်မြင်တိုင် တတိယတန်း (က)မှ မောင်သက်ခိုင်မော်အား မောင်သီဟဝင်းသန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သီဟဝင်းသန်း။**

## နှယ်ရိုးကုမ္ပဏီမှ အမြန်သိလိုသည်

ရန်ကုန်မြို့တော်အတွင်းရှိ(အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ ကွန်ဒို၊ ဂိုထောင်)များကို သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြင့် ရောင်း၊ ဝယ်၊ ငှား လိုသူများ ဖုန်းဖြင့် ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၄၀၈၊ ဘီ-ဆောင် ညောင်ပင်လေးဈေးပလာဇာ။**

**210412, 09 50 16137, 09 50 05562**




## အထက(၃)ပဲခူးအာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၀**

အထက(၃)ပဲခူး(ယခင်အမျိုးသားတန်းမြင့်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက်(အမျိုးသားနေ့)နံနက် ၁၀ နာရီတွင် အထက(၃)ပဲခူးမြို့၌ ကျင်းပမည်ဖြစ်ရာ ဒေါ်တင်နွယ်ဦး(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၂-၂၁၁၉၅နှင့် ဦးဝင်းမြင့်(အတွင်းရေးမှူး၊ပဲခူးအသင်း၊ ရန်ကုန်မြို့)ဖုန်း-၀၁-၃၇၈၃၀၅၊ ၀၁-၂၉၂၅၃၆နှင့် ၀၁-၅၈၀၀၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



## (၂၈)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ**'ဆွေ'**နှင့်ချစ်မေမေ**'ဖြူ'**(မြစ်ကြီးနားမြို့)တို့၏ ၁၁-၁၁-၂၀၀၄ရက်နေ့တွင် ကျရောက်သော (၂၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် တိုင်းပြည်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေ။

**ချစ်သမီး - အိသက်သက်ဆွေ**
**ချစ်သား - ဗိုလ်လောင်းကောင်းကျော်ဆွေ**
**ချစ် တူ-တူမများ။**

## ချစ်သားလေး

## ပြည့်သူရဦး(ခ)ဖိုးပြည့် အတွက်

## (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁၁-၁၁-၂၀၀၄ရက်တွင် ကျရောက်သော (၅)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် မိဘ၊ ဘိုးဘွား၊ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို အထူးသိတတ်လျက် လောကကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် ပညာပြည့်ဝနလုံးလှသော သားလိမ္မာလေးအဖြစ် ပျော်ရွှင်ကြည်နူးဖွယ်ရာဘဝကို ရယူပိုင်ဆိုင်နိုင်ပါစေ။

**ဘိုးဘိုး - ဦးမြင့်မောင်၊ ဦးခင်မောင်အေး**
**ဘွားဘွား - ဒေါ်နုနုရီ၊ ဒေါ်ကြည်ကြည်သန်း**
**ဖေဖေ - ကိုနေလင်းဦး**
**မေမေ - မလွင်နီထက်**
**ညီမလေး - ကေရီဖူး(ခ)ဖူးငယ်ငယ်။**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း၊ အမှတ် ၁၇၃နေ
ဦးတင်ဝင်းသျှင်(ရွှေမြန်မာစာ)-အကယ်ဒမီ ဒေါ်ခင်လေးသိမ့်(မဟာထွန်းရုပ်ရှင်ထုတ်လုပ်ရေး)
တို့၏တစ်ဦးတည်းသောသား

### မောင်နန္ဒရဲရင့်ဝင်း

**1st Year BBA (Assumption University of Thailand)**
**ESOL (Boston College of London)**
**A.G.T.I (EP)**

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၂)၊ အမှတ် ၉၄/၄ နေ
Captဇော်ဝင်း-ဒေါ်ခင်မာကြွယ်တို့၏ တစ်ဦးတည်းသောသမီး

### မအိသီရိဇော်

**1st Year BBA (Assumption University of Thailand)**
**Diploma in Secretary Management**
**2nd Year (History)**

တို့၏ ၄-၁၁-၂၀၀၄ရက်နေ့တွင် လက်မှတ်ရေးထိုးလက်ထပ်ရာ၌ ဆောင်ရွက်ပေးခဲ့သော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် ၆-၁၁-၂၀၀၄ရက်နေ့တွင် Sedona ဟိုတယ်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးသော ရေကြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Captဦးစိုးဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဌ CE Technology, Managing Director ဦးပြုံးမောင်မောင်နှင့်ဇနီး သုံးထပ်ကွမ်းအကယ်ဒမီ ဒေါ်ခင်သီတာထွန်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် စာပေ၊ ရုပ်ရှင်၊ ဂီတမှ လူကြီးမင်းများအား လည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ Exit Band တေးဂီတအဖွဲ့သားများ၊ တေးသံရှင်များ၊ မေတ္တာဖြင့်အကူအညီပေးကြသော မင်္ဂလာပန်းကြဲပေးသော အကယ်ဒမီ စိုးမြတ်နန္ဒာ၊ သရုပ်ဆောင် သက်မွန်မြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးသော ရုပ်ရှင်သရုပ်ဆောင် လှအဥ္ဇလီတင့်နှင့် သရုပ်ဆောင် ရွှန်းလဲ့ရည်၊ သတို့သားအရန် သရုပ်ဆောင်ထူးခြား၊ မိုင်းမိုင်၊ သတို့သမီးအရန်သရုပ်ဆောင် ဂန္ဓဝင်၊ ချစ်စနိုးဦးတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မမဥ္ဇူ၊ မိတ်ကပ်အောင်အောင်နှင့်အဖွဲ့၊ ဓာတ်ပုံအေးဇော်မိုး(စက်မှု)၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ပြည်စိုးထွန်း၊ ထွန်းထွန်း(နွေမိုးဆောင်းစက်အဖွဲ့)၊ မဥ္ဇူသက္ကပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona ဟိုတယ်မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်နန္ဒရဲရင့်ဝင်း-မအိသီရိဇော်။**



# မုံရွာမြို့နယ် ကျေးရွာချင်းဆက် လမ်းသစ်ဖွင့် ငွေကျပ် ၁၇ သိန်း အကုန်အကျခံကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့

မုံရွာ နိုဝင်ဘာ ၁

**မုံရွာမြို့နယ် သာစည်ကျေးရွာအုပ်စု သာစည်ကျေးရွာနှင့် တွင်းချောင်းကျေးရွာ ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်ပွဲကို အောက်တိုဘာ၂၄ရက် နံနက်က ကျင်းပသည်။**

အခမ်းအနားသို့ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ နယ်မြေခံ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်မြတ်၊ မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်း၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းမြင့်၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာ ပြည်သူအင်အား ၇၅၀ကျော် တက်ရောက်ကြသည်။

ကျေးရွာချင်းဆက် လမ်းသစ်ကို မုံရွာခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)** အဆိုပါလမ်းမှာ အကျယ် ၂၄ပေ၊ အရှည် ၇မိုင် ၄ဖာလုံရှိပြီး စုစုပေါင်းငွေ ကျပ် ၁၇သိန်း ကုန်ကျသည်။ **(ခရိုင် ပြန်/ဆက်)**



## စိစစ်ရေးကတ်ပြားပေးအပ်

**အောက်တိုဘာ ၁၈ရက်က အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စုတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးကျော်တိုးက ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမျိုးသန့်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (၂၀၉)





**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပပြီး စိမ်းလန်းစိုပြည်စေရေးအတွက် ပျော်ဘွယ်မြို့လယ်ရှိ ရန်အောင်လမ်းဆုံ ဆင္ဍဂံပန်းခြံတွင် မြေယာအလှရှုခင်းကို ဥယျာဉ်မှူးဦးမြစိုးက တာဝန်ယူဆောင်ရွက်မှုကို အောက်တိုဘာ ၂၁ ရက်က အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးဝင်းကျော် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

## မော်လိုက်မြို့၌ စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

**မော်လိုက် အောက်တိုဘာ ၃၁**

မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မဂ္ဂဇင်းစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၅ရက်က မော်လိုက်မြို့ ကျောင်းမြောက်ရပ် မိုးမင်းကြီးစာပေ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညိုအုန်းထံ မိုးမင်းကြီးစာပေပိုင်ရှင် ဦးနေမျိုးအောင်နှင့် ဒေါ်ဇင်မာတို့က မဂ္ဂဇင်းစာအုပ်မျိုးစုံ အုပ် ၅၀ ကို ပေးအပ်လှူဒါန်းသည်။

အလားတူ မော်လိုက်မြို့ ကျောင်းမြောက်ရပ် ဦးကျော်ငြိမ်း-ဒေါ်စန်းငွေးရီ မိသားစုက နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်၅၀နှင့် ဆွေဗမာ စာပေပိုင်ရှင် ဒေါ်ခင်အေးသက်ခိုင်က မဂ္ဂဇင်း စာအုပ်မျိုးစုံ အုပ်၅၀ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## ချောင်းဦးမြို့ သန့်ရှင်းသာယာလှပရေး ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

**ချောင်းဦး အောက်တိုဘာ ၂၅**

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာများသန့်ရှင်းသပ်ရပ် သာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်က ဒုတိယဦးစီးမှူး(အခွန်)ဒေါ်လဲ့လဲ့စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင့်လွင်ဦးတို့ ဦးဆောင်သောဝန်ထမ်းများ စုပေါင်း၍ မြို့တွင်း လမ်းဘေးဝဲယာတစ်လျှောက်တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေယာရှုခင်းအလှပြင်ဆင်ခြင်းလုပ်ငန်းများအား ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသန်းဦးက လိုအပ်သည်များ ကြီးကြပ် ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**



**ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် အဖွဲ့ဝန်ထမ်းများ အောက်တိုဘာ၁၂ရက်က ကန်ပက်လက်မြို့ ဒေါ်နုစုမ်လမ်းမ ဝဲယာတစ်လျှောက်တွင် စိုက်ပျိုးထားသော ပန်းအလှပင်များ ရှင်သန်ကြီးထွားရေးအတွက် ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများနှင့် ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

## မြန်မာ့အသံ

**၁၂-၁၁-၂၀၀၄**
**(သောကြာနေ့)**
**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၀၉း၃၅ ဟောပြောချက်
၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (မြေကြီးက ရွှေသီးစေချင်)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ဝက်သက်ရောဂါပပျောက်ရေး ဝက်သက်ကာကွယ်ဆေးထိုးနှံကြစို့မနေး)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (တုံ့မယူလို)
၁၃း၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (ဆင်စီးမြင်းရံ)
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ (ခေတ်အမျိုးသမီးတို့၏ စွမ်းဆောင်ရည်-ဒေါက်တာကျော်စိန်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အသက်အရွယ်ကို အုပ်စုခွဲခြင်း-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (နွဲ့နှောင်းထံတျာ-ကာလပေါ်တူရိယာအဖွဲ့)

## ကျီခါးမြို့တွင် ငါးမျိုးစိုက်ထည့်

**ကလေး နိုဝင်ဘာ ၃**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် သရက်ကုန်း ငါးလုပ်ငန်း စခန်းက ပေးပို့သော မြက်စား ငါးကြင်း သားပေါက် ငါးမျိုးစိုက်ထည့်ရန်အတွက် ချင်းပြည်နယ် ကျီခါးမြို့ရှိ ငါးမွေးတောင်သူများအား အောက်တိုဘာ ၃၁ရက်က အခမဲ့ဖြန့်ဝေ ပေးသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် ချင်းပြည်နယ် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးအောင်ကျော်သန်း၏ ကြီးကြပ်မှုဖြင့် ကလေးမြို့ ငါးလုပ်ငန်း ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဟရဲကုန်းနှင့် လက်ထောက်ဦးစီးမှူး ဦးတင်ထွန်းတို့က ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

**(က-ပ)**

**ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျွဲတလင်း၊ သရက်ကုန်း၊ ဆိတ်ကြီး၊ မြောက်လွတ်ကုန်း၊ သဲဖြူနှင့် ကညမ်းမြေနီလမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)



## ကျေးလက်စက်ရေတွင်းများ ထိန်းသိမ်းနည်း သင်တန်းဖွင့်

**မြင်းခြံ အောက်တိုဘာ ၃၁**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်စက်ရေတွင်းများ ထိန်းသိမ်းနည်း ရက်တိုသင်တန်းကို အောက်တိုဘာ ၁၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက စက်ရေတွင်း ထိန်းသိမ်းနည်းပညာများပို့ချသည်။**(အပေါ်ပုံ)**



၎င်းဆင့်ပွားသင်တန်းများ ကျေးလက်များတွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**





## နှမ်းစပါးစိုက်ဧကပြည့်မီရေးနှင့် ရေပေးရေးညှိနှိုင်းစည်းဝေး

**သနပ်ပင် နိုဝင်ဘာ ၆**

သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်များတွင် နွေစပါး စိုက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် ရေပေးဝေရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁ ရက်က သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းဆောင်ရွက်**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်းက သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်အတွင်း သတ်မှတ်ထားသည့် နွေစပါးစိုက်ဧက ၄၃၀၀၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် ရေပေးဝေရေးလုပ်ငန်းများညှိနှိုင်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပဲခူးခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပဲခူးခရိုင်မန်နေဂျာ ဦးသန်းဦးတို့က နွေစပါးစိုက်ဧက ပြည့်မီကျော်လွန်ရေးနှင့် ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်မှုများ ရှင်းလင်းပြောကြားသည်။

**(အပေါ်ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**

**အောက်တိုဘာ ၁၈ ရက်က မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိ မေတ္တာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**ဖန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူတို့ အောက်တိုဘာ ၁၀ ရက်က သီရိလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## အကြိုအခြေခံမီးသတ် သင်တန်းဆင်းပွဲကျင်းပ

**မြိတ် နိုဝင်ဘာ ၂**

မြိတ်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၄/၂၀၀၄)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၆ရက် နံနက်၉နာရီက မြိတ်တောင်အုပ်စု အောင်မင်္ဂလာ အရန်မီးသတ်တပ်ဖွဲ့ရုံးတွင် ကျင်းပသည်။

**အမှာစကားပြော**

အခမ်းအနားတွင် တနင်္သာရီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းတို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

**သင်တန်းဆင်းလက်မှတ်ပေး**

ထို့နောက် မြိတ်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**



## ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေးစီမံကိန်း တာဝန်ပေး ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးရန်လျာထားချက် ရှင်းလင်း

**သံတောင် နိုဝင်ဘာ ၇**

ကရင်ပြည်နယ် သံတောင်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေးစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ရက်က သံတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးအောင်ကိုကိုက စိုက်ပျိုးရေးစီမံကိန်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစောအူးမော်က ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးရန် လျာထားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များက ကျေးရွာအုပ်စုအလိုက် ကျေးရွာဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များ ပေးအပ်ကြသည်။ သံတောင်မြို့နယ်တွင် နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အပြင် စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးကြမည်ဖြစ်ကြောင်းသိရသည်။ **(၃၇၂)**



## အမြို့မြို့ အနယ်နယ် သတင်းများ

**မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို အောက်တိုဘာ ၁၆ရက်က အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်တစ်သိန်း ပြည့်မီရေးအတွက် ပျိုးထုပ်များ ထပ်မံပျိုးထုပ်ခြင်း လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်း၊ ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



**အောက်တိုဘာ ၁၀ ရက်က ဖယ်ခုံမြို့ မြို့လယ် အဝိုင်းပတ်မြက်အလှပင်များ ညီညာလှပ စေရန် ဆောင်ရွက်ခြင်းကို မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဦးစောဒီးဒီ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (နယ်စပ်/စည်ပင်)



## အေအိုင်ဒီအက်စ်ကာကွယ်ရေး အသိပေးဆွေးနွေးပွဲကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၅**

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ကျန်းမာရေးဦးစီးဌာန၏ အေအိုင်ဒီအက်စ် ကာကွယ်ရေး ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံး အသုံးပြုရေးစီမံချက် အသိပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ရက်က ခရိုင်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးသောင်းတင်ထွန်းက စီမံချက်နှင့် စပ်လျဉ်း၍ အသေးစိတ် အသိပညာပေး ဆွေးနွေးကြသည်။

**(ယာပုံ) (ခရိုင် ပြန်/ဆက်)**




**ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်ဝင်းနှင့် ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးမှုကို ခရိုင်ဦးစီးဌာနမှူး ဦးမြသန်းက ဆိပ်ဖူးမြောင်စံပြကျေးရွာတွင် အောက်တိုဘာ ၂၀ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးစဉ်။** (၀၅၆)



# ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် သတင်းစာကဏ္ဍ များစွာအရေးကြီး စတုတ္ထမဏ္ဍိုင်တည်ဆောက်ရာတွင် အမျိုးသားအကျိုးစီးပွား၊ တိုင်းပြည်နှင့်လူမျိုးဘက်က မှန်မှန်ကန်ကန်ရပ်တည် မီဒီယာလုပ်ငန်းများသွက်လက်ထက်မြက်ပြီးအရည်အသွေးမြင့်မားသည့်မီဒီယာဖြစ်ရေးအစဉ်ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

**စာမျက်နှာ ၈ ကော်လံ ၁ ✻**





**ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းတွင်ပါဝင်သော အကျယ် ၁၃၃သမာ၂ပေ၊ အလျားပေ ၁၂၀၀ အရှည်ရှိ ရေလွှဲဥမင်လိုဏ်၏ ထွက်ပေါက်မှရေများ ခပေါင်းချောင်းအတွင်း စီးဆင်းနေသည်ကို ဤသို့ တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



# ခပေါင်းရေလှောင်တမံ စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်း၌ပါဝင် လယ်မြေဧကတစ်သိန်းရေပေးနိုင်ပြီး ရေအားလျှပ်စစ်ပါထုတ်ယူနိုင်

ကွင်းဆင်းလေ့လာရေးသားသူ - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတွင် တောတောင်ရေမြေသဘာဝအနေအထားအရ ရေဆင်းဧရိယာ နှစ်သိန်း ရှစ်သောင်းကျော် စတုရန်းမိုင်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှစီးဝင်ရေ ဧကပေ ၈၇၆ သန်း စီးဝင်လျက်ရှိသည်။ အဓိကဖြစ်သော ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း၊ ဘီးလင်းမြစ်များမှာ ရေအများဆုံးစီးဆင်းသည့် မြစ်များဖြစ်ကြပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဖော်ပြပါ မြစ်များစီးဆင်းနေသော မြစ်လက်တက်များပေါ်တွင် ရေလှောင်ဆည်၊ ရေလွှဲဆည်စသည်များတည်ဆောက်၍ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ ●**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



## ကမ္ဘာမြေပြင်ပုံရိပ်

နာဆာမှ နောက်ဆုံးရိုက်ကူး ထုတ်ပြန်ထားသော ကမ္ဘာမြေပြင် ပုံရိပ်ကို တွေ့ရစဉ်။ **(အပေါ်ပုံ)**

ကမ္ဘာ့ရာသီဥတု ဖြစ်ပေါ် ပြောင်းလဲမှုများကြောင့် ကမ္ဘာပေါ်တွင် ပျက်စီးဆုံးရှုံးမှုနှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုများကို နိုင်ငံတကာမှ သုတေသနပညာရှင်များနှင့် စီးပွားရေးသမားများ အစဉ်သိရှိလေ့လာနိုင်ရန် နာဆာက စဉ်ဆက်မပြတ် ထုတ်ပြန်ပေးနေခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

## နှစ်ပေါင်း ၇၇နှစ်က မော်တော်ကား

လွန်ခဲ့သည့်နှစ်ပေါင်း၇၇နှစ်က မော်တော်ကားတစ်စီးကို နိုင်ရိုဘီမြို့၌ ခရီးသွားဧည့်သည်များ ကြည့်ရှုလေ့လာနေကြစဉ်။ **(အောက်ပုံ)**

အဆိုပါ ချက်ဗ်ရိုလက်မော်တော်ကားကို ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ နာမည်ကျော်နောဖော့ခ်ဟိုတယ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ပြသထားခြင်းဖြစ်ရာ ဧည့်သည်များနှင့်လေ့လာသူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိသည်။ **ရိုက်တာ။**

